# ကြေးမုံ

The Mirror

၁၉၅၇ ဖေ့ြ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (20-3-2016) (၈၅၁၁)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။ (မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# မချမ်းဘော့မြို့နယ် မဟာတေဇဝန္တရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူ

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို

## မလိခတံတား(မချမ်းဘော့) တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

မဟာတေဇဝန္တရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တရွှေစည်းခုံစေတီများ စိန်ဖူးတော် တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာအနီးရှိ တေဇသာလာဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

ကချင်ပြည်နယ် ပူတာအိုမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကောင်းမှုလုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလိခ(မချမ်းဘော့)တံတားသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မတ် ၁၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် မတ် ၂၁ ရက်မှ ၂၄ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (ကြေးမုံ)




အတွေးအမြင်

ကြေးမုံ စာတည်းရှေ့ထောင့် ၂၀-၃-၂၀၁၆၊ တနင်္ဂနွေနေ့

# နွေရာသီကျန်းမာရေးသတိ

နွေရာသီကာလတွင် နေရောင်ခြည်ပူပြင်းစွာ တိုက်ရိုက်သက်ဆင်းသည်။ ပုံမှန်နွေကာလတွင် နေကျဲကျဲပူပြီး အပူဒဏ်ကြောင့် ချွေးတဒီးဒီးကျရသည်။ နေပူဒဏ်ကြောင့် အားအင်ကုန်ခန်းခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ နေလောင်ခြင်းတို့ခံစားရသည်။ နေ့နေအပူအောက်တွင် လူတို့နိစ္စဓူဝသွားလာလှုပ်ရှားကြသော်လည်း အန္တရာယ်ကြီးကြီးမားမားမရှိလှချေ။

ယခု ထိုသို့မဟုတ်တော့ပါ။ နွေအပူကိုပြင်းစွာခံစားကြရသလို ထိုနေရောင်ခြည်ထဲတွင် လူတို့ကိုအန္တရာယ်ပေးနိုင်သော ခရမ်းလွန်ရောင်ခြည်များလွန်ကဲစွာပါဝင်လာသည့်ဒဏ်ကို လူအများကြုံတွေ့ခံစားနေရပြီဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသောအချိန်တွင် လူတို့အပေါ် အန္တရာယ်ပိုမိုကြီးမားစွာကျရောက်နိုင်သည်။

ခရမ်းလွန်ရောင်ခြည်နှင့်လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ စတင်ဖြစ်ပေါ်လာပြီး ထိတွေ့မှုကာလကြာရှည်လာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများပျက်စီးပြီး အိုမင်းရင့်ရော်လာခြင်း၊ ခွန်အားကျဆင်းခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

ထို့ကြောင့် ယခုကဲ့သို့ ရာသီကာလတွင် ပူပြင်းသောနေရောင်ခြည်အောက်တွင် လူတို့သွားလာလှုပ်ရှားမှုများကို အထူးသတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ လာမည့်သင်္ကြန်ကာလအတွင်း ရေကစားကြမည့်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ သတိထားသွားလာနေထိုင်သင့်ပါသည်။

ပူပြင်းသောနေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားအလုပ်လုပ်ကိုင်သူများဖြစ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင်ကာကွယ်ပါ။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ကိုပါ လုံခြုံသော ထီး၊ ဦးထုပ်တို့ကို ဆောင်သွားပါ။ အဝတ်လွတ်ကင်းသော လက်၊ လည်ပင်း စသည့်နေရာများတွင် သနပ်ခါး ထူထူ သို့မဟုတ် နေရောင်ခံကရင်လိမ်းဆေးတို့ကို နေရောင်ထဲမထွက်မီ ၁၅ မိနစ်ခန့်ကြိုတင်လိမ်းထားပါ။ နေရောင်ခံလိမ်းဆေးကို တစ်ခါလိမ်းပြီးတိုင်း နှစ်နာရီအကြာတွင် နောက်တစ်ခါထပ်လိမ်းပါ။

ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ထိုရောင်ခြည်အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သည့် အဝတ်အထည်များ၊ ထူထဲသောအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် နေရောင်ခြည်ကို အပြည့်အဝကာကွယ်ပေးနိုင်သော နေကာမျက်မှန်များကို ရွေးချယ်အသုံးပြုပါ။

အထူးသဖြင့် ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ကျန်းမာရေးထိခိုက်မှုပိုမိုဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် လူကြီးမိဘများအနေဖြင့် အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲတွင်ဆော့ကစားခြင်း၊ နေပူထဲသို့ခေါ်ဆောင်သွားခြင်းများ မပြုလုပ်မိရန်လိုပါသည်။ ကလေးငယ်များအား အရိပ်ထဲတွင်သာ ဆော့ကစားစေရေး ထိန်းကျောင်းပေးရန်လိုပါသည်။

အချုပ်အားဖြင့်ဆိုသော် မဖြစ်မနေ နေရောင်ခြည်ကျရောက်နေသော ပြင်ပသို့ထွက်ရန် အကြောင်းရှိပါက သနပ်ခါးထူထူလိမ်းသွားရန်၊ သို့မဟုတ် နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်သာမက ခြေဖမိုးထိပါလိမ်းပေးပါ။ ထို့အပြင် ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်အထည်များဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ခြင်း၊ ဦးထုပ်၊ ထီးစသည့် အကာအရံများဆောင်သွားခြင်းတို့ကို မပျက်မကွက်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

ခရမ်းလွန်ရောင်ခြည်ကျရောက်နေသော ယခုကဲ့သို့ နွေရာသီကာလတွင် ပြည်သူများအနေဖြင့် သွားသတိ၊ လာသတိ သတိမူဆင်ခြင်နေထိုင်ခြင်းဖြင့် မိမိကျန်းမာရေးကို မိမိကိုယ်တိုင်ဂရုစိုက်ရန်လိုအပ်ပါသည်။ ။

# အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာပြပွဲ ၂၀၁၆ ဖွင့်ပွဲကျင်းပ



**ရန်ကုန် မတ် ၁၉**

လူမှုဘဝနေထိုင်မှုများ ပြောင်းလဲလာသည့် ယနေ့အချိန်ကာလတွင် တိုးတက်လာသော လူဦးရေအပြင် စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာအဆောက်အအုံလိုအပ်မှုများ များပြားလာသည့်အတွက် ကောင်းမွန်စွာ ရွေးချယ်ပိုင်ခွင့်ရရှိရန် အိမ်ရာအဆောက်အအုံနှင့် အိမ်ခြံမြေဆိုင်ရာပြပွဲ ၂၀၁၆ (Housing and Real Estate 2016) ဖွင့်ပွဲကို မတ် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ MKT Construction Co.,Ltd မှ Chairman & CEO ဦးမျိုးမြင့်၊ Myanmar Mahar Tun Co.,Ltd. (Orona Elevator)မှ ဒါရိုက်တာ ဦးမင်းရဲကျော်နှင့် Dagon Exhibitions Limitedမှ ဒါရိုက်တာဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မတ် ၁၉ ရက်မှ ၂၁ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်း၊ ကြွေပြား၊ ကျောက်ပြားများ၊ အိမ်တွင်းခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ခြံမြေဆိုင်ရာအာမခံလုပ်ငန်းများအပြင် အိမ်ရာအဆောက်အအုံနှင့် အဆင့်မြင့်အသုံးအဆောင်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲရန် လက်လှမ်းမီသည့် အနေအထားဖြင့် ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးသက်ထွန်းဦး (Yangon Stock Exchange)နှင့် ဦးမျိုးမြတ်သူ (MRTV-4) တို့က “မြန်မာ့စီးပွားရေး မျှော်မှန်းချက်များ” ခေါင်းစဉ်ဖြင့် မတ် ၁၉ ရက်တွင်ဟောပြောခဲ့ပြီး ဒေါက်တာမောင်အောင်၊ ဦးဝင်းဇော် (OHD Bank)နှင့် ဦးမျိုးမြင့် (MKT Construction)တို့က “သာယာချမ်းမြေ့ပျော်ရွှင်ပြီး နေချင်စဖွယ်ရှိသော ဘဝကိုပိုင်ဆိုင်နိုင်ရေး” ခေါင်းစဉ်ဖြင့် မတ် ၂၀ ရက်တွင်လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ကာ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု(စံ) သတ်မှတ်ပြဌာန်းရေးအဖွဲ့တို့ စီစဉ်ကျင်းပသည့်ပထမဦးဆုံးအကြိမ် မြန်မာနိုင်ငံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ (Myanmar Skills Competition 2016) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏကမာကြည်လမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းတွင် မတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါ ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မကြာမီကာလတွင် ပေါ်ပေါက်လာတော့မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community AEC)၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဘုံနယ်မြေ (AFFA)၊ လွတ်လပ်သော ကူးလူးသွားလာမှု (Free Flow) စသည့် အာဆီယံဒေသအတွင်းမှ ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ကူးလူးသွားလာ လုပ်ကိုင်ဆောင်ရွက်မှုများ ဖြစ်လာမည်ဖြစ်လာသဖြင့် မြန်မာ အလုပ်သမားထုအတွက် လုပ်ငန်း ကျွမ်းကျင်မှုမရှိခဲ့လျှင် မြန်မာအလုပ်သမားဈေးကွက်၌ အခြားအာဆီယံ နိုင်ငံများမှ ကျွမ်းကျင်လုပ်သားများက နေရာယူကြီးစိုးသွားမည်ဖြစ်သဖြင့် မြန်မာအလုပ်သမားများအား သင်ကြားပြီး ပြိုင်ပွဲ ကျင်းပရခြင်းဖြစ်သည်ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး ဦးထင်အောင်က ပြောသည်။

မြန်မာနိုင်ငံ ကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ကို မတ် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး ၇၇ ဦးသည် Brick Laying / Cabient Marking / Cooking / Electrical Installation /Electronics Mechatronics/ Refrigeration & Air Conditioning / Restaurant Services/ Mobile, Robotic / Welding စသည့် ခေါင်းစဉ် ၁၀ မျိုးဖြင့် ယှဉ်ပြိုင်ကြပြီး ၎င်းတို့အနက်မှ ထူးချွန်သူလူငယ်ပြိုင်ပွဲဝင်များကို 11th Asean Skills Competition 2016 Malaysia သို့ နိုင်ငံတော်အဆင့်ဖြင့် ဆက်လက်စေလွှတ် ယှဉ်ပြိုင်စေမည်ဟု သိရသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု လက်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) အနေဖြင့် အလုပ်သမား စုစုပေါင်း ၅၉၁ ဦးကို National Competency Skill Certificate လက်မှတ်များထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **(သန်းဦးလှိုင်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး အလှူတော်ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ သာသနဇောတိကမ္မောရုံ၌ ကျင်းပရာ သတ္တမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင် ၁၂၃ ဦးတို့က ငွေကျပ် သိန်း ၉၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ ကော်မတီနာယက ပြည်ထောင်စုဝန်ကြီး၊ သတ္တမအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ပထမအကြိမ်ကို ၁၉၉၀-၁၉၉၂ ခုနှစ်၊ ဒုတိယအကြိမ်ကို ၂၀၀၁ ခုနှစ်၊ တတိယအကြိမ်ကို ၂၀၀၄ ခုနှစ်၊ စတုတ္ထအကြိမ်ကို ၂၀၀၇ ခုနှစ်၊ ပဉ္စမအကြိမ်ကို ၂၀၀၉ ခုနှစ်၊ ဆဋ္ဌမအကြိမ်ကို ၂၀၁၂ ခုနှစ်နှင့် သတ္တမအကြိမ်ကို ၂၀၁၅-၂၀၁၆ ခုနှစ်၌ ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

# သီလဝါအထူးစီးပွားရေးဇုန်အတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို မတ် ၂၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အသစ်ဖွင့်လှစ်မည့် သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို Sumitomo Corporation ၏ နည်းပညာအကူအညီဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ODA ချေးငွေ ဂျပန်ယန်း ၃၇၈၉ သန်းကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းတွင်ထွက်ရှိသည့် ဇောတိကကမ်းလွန် သဘာဝဓာတ်ငွေ့ကို တစ်နေ့လျှင် ကုဗပေ ၁၅ သန်း အသုံးပြုပြီး ဓာတ်အား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။



ယခုဖွင့်လှစ်သည့် သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ဒုတိယမြောက်ဖွင့်လှစ်သည့် နိုင်ငံပိုင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ထိုင်းနိုင်ငံ၏ အကူအညီဖြင့် ၁၂၀ မဂ္ဂါဝပ် ဓာတ်ငွေ့တာပိုင် ၁၂ လုံးဖြင့် ၂၄၀ မဂ္ဂါဝပ် တပ်ဆင်အင်အားရှိသည့် ဓာတ်အားပေးစက်ရုံကို ပထမဆုံး အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

သီလဝါ ဓာတ်အားပေးစက်ရုံအတွက် ၂၄ ဒသမ ၈၅ မိုင်အရှည် သဘာဝဓာတ်ငွေ့ ၂၀ လက်မ ပိုက်လိုင်းကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သီလဝါ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံကို သီလဝါအထူးစီးပွားရေးဇုန် (အဆင့်-က)၏ အရှေ့ဘက်မြေဧရိယာ ၃ ဒသမ ၂ ဟက်တာ (၇ ဒသမ ၉၁ ဧက)အတွင်း တည်ဆောက်ထားပြီး လောင်စာနှင့်ဓာတ်ငွေ့နှစ်မျိုးသုံး ၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက် နှစ်လုံးတပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါ စက်ရုံဖွင့်လှစ်နိုင်ခြင်းကြောင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်မှုလက်မှု လုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်အားကိုပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်သည်။

**သတင်း - မင်းသစ်၊ ဓာတ်ပုံ - နေလင်း**

# ဘုတလင်မြို့နယ် သောက်သုံးရေကန် ၅၁ ကန်ကို ရေပေးတူးမြောင်းမှတစ်ဆင့် သောက်သုံးရေများဖြည့်ထားပြီးဖြစ်

**မုံရွာ မတ် ၁၉**

ဖြစ်ပေါ်လာမည်ဟုခန့်မှန်းထားသောအယ်နီညိုဖြစ်စဉ်ကို ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရေပေးတူးမြောင်းများမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် သောက်သုံးရေကန် ၅၁ ကန်ကို သောက်သုံးရေများ ဖြည့်ထားပြီးဖြစ်ရာ ယခုလက်ရှိအခြေအနေအရ အဆိုပါဒေသတွင် ရေဖူလုံလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေပေးတူးမြောင်းတွေကတစ်ဆင့် ပေးလို့ရတဲ့ ကျေးရွာသောက်သုံးရေကန်တွေကို ရေတွေဖြည့်ပေးထားပါတယ်။ ဘုတလင်မြို့နယ် သောက်သုံးရေကန် ၅၁ ကန်ကို သောက်သုံးရေတွေဖြည့်ပေးထားပြီးဖြစ်ပါတယ်။ ရေဖြည့်ပေးရာမှာ လေလွင့်မှုမရှိစေဖို့အတွက် ကြီးကြပ်မှုကော်မတီတွေ ဖွဲ့စည်းဆောင်ရွက်ပြီး ရေတစ်ကြိမ်ဖြည့်ရုံနဲ့ မလုံလောက်ရင် လိုအပ်သလို ထပ်ပြီး ရေဖြည့်သွင်းပေးနိုင်ဖို့စီမံထားပါတယ်"ဟု တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူးက ပြောပြသည်။

စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ကျေးရွာထိန်းဆည်ကန်များအတွင်းရှိ ရေများလေလွင့်မှုမရှိဘဲ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရေစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်း၍ ဆောင်ရွက်နေသလို ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ အကူအညီကိုရယူ၍ ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ကျေးရွာထိန်းဆည်ကန်များအတွင်းရှိ ရေများအပူရှိန်ကြောင့် အငွေ့ပြန်ဆုံးရှုံးမှုသက်သာစေရန် နည်းပညာနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာထိန်းဆည်ကန်များအတွင်းရှိ ရေများကုန်ခန်းသွားပါက ရေထပ်မံဖြည့်တင်းရမည့် ရေပေးတူးမြောင်းမှ ရေဖြည့်ခြင်း၊ သဘာဝချောင်း၊ မြောင်းမှသွယ်ယူခြင်း၊ မြေအောက်ရေတွင်းများတူးဖော်ခြင်းများကို ဆောင်ရွက်နိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

"ဆည်ရေလက်ကျန်နည်းလို့ လျာထားချက်အတိုင်း မစိုက်နိုင်ရင် ဒါမှမဟုတ် အောင်ရေလိုရင် စိုက်ပျိုးရေရဖို့အတွက် ဆည်ကန်ရဲ့ ကန်ရေသေအောက်မှာရှိတဲ့ရေတွေကို စုပ်ယူဖို့အတွက် ရေစုပ်စက်တွေကို ကြိုတင်စုဆောင်းထားကြရပါမယ်။ လိုအပ်ရင် မြေအောက်ရေတွင်းတွေတူးပြီး ရေပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူးကပြောပြသည်။

ဆည်ကန်တူးမြောင်းများမှတစ်ဆင့် ကျေးရွာရေကန်များအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေများရရှိအောင် ယူဆောင်ဖြည့်တင်းထားသလို သဘာဝချောင်း၊ မြောင်းများအတွင်း စီးဆင်းနေသောရေများအား တစ်ပိုင်တစ်နိုင်ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများဆောင်ရွက်၍ စိုက်ပျိုးရေကို အကျိုးရှိစွာ သုံးရန်စီစဉ်ထားကြောင်း၊ နွေစပါးနှင့် နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေရာမှ ပိုလျှံ၍ ချောင်း၊ မြောင်းများအတွင်း စီးဆင်းလာခြင်းတို့ကို လေလွင့်မှုမရှိစေဘဲ စိုက်ပျိုးရေအဖြစ် ပြန်လည်အသုံးချနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



**ဘုတလင်မြို့နယ် သောက်သုံးရေကန် ၅၁ ကန်ကို တိုးချဲ့တူးမြောင်းမှ ရေဖြည့်ထားစဉ်။**

# မိုးညိုမြို့တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံဖွင့်

**မိုးညို မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့တွင် မတ် ၁၈ရက် နံနက်စနာရီက ၃၃/၁၁ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဘေဘီအုန်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ၃၃/၁၁ ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မိုးညိုမြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် ယခင်က မင်းလှမြို့နယ် ၁၁ ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားမျှဝေအသုံးပြုနေကြရသဖြင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးမပြုခဲ့ရပေ။ ယခုအခါ မိုးညိုမြို့နယ်တစ်ခုလုံးအသုံးပြုရန်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၉၈၉ ဒသမ ၃၅၁ သန်းအကုန်အကျခံကာ ၃၃/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ဖွင့်လှစ်ပေးသောကြောင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်းသိရသည်။

**(၅၈၈)**



# မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

ယခုကာလသည် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မီးသတ်ဦးစီးဌာနမှ စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးလှမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့ပါဝင်သော မီးဘေးကြိုတင်ကာကွယ်ရေး ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက်က မြို့ပေါ်ရှိ စက်သုံးဆီ အရောင်းဆိုင်များအား လိုက်လံစစ်ဆေးကြည့်ရှုအကြံပြု၍ ဆိုင်ဝန်ထမ်းများကို မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုနည်းများ လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# မြန်မာ့မီဒီယာအရေး တွေးပေးကြသူများ

မေး/ရေး
ရဲခေါင်ညွန့်၊ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ-ဇော်မင်းလတ်

ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အဆိုပါ ဥပဒေတွင် အခန်းပေါင်း ၁၅ ခန်းနှင့် အပိုဒ်ပေါင်း ၁၀၆ ပိုဒ်ပါဝင်ပြီး အဆိုပါ ဥပဒေတွင် ပါဝင်သည့် အချက်များနှင့်ပတ်သက်၍ ပြင်ဆင်ဆွေးနွေးရန် မြန်မာရုပ်သံလွှင့်မီဒီယာဥပဒေညီလာခံကို ရန်ကုန်မြို့ Park Royal Hotelတွင် မတ် ၁၉ ရက်မှ ၂၀ ရက်နေ့အထိ ဆွေးနွေးလျက်ရှိသည်။ မြန်မာ့မီဒီယာအနာဂတ်နှင့် စပ်လျဉ်း၍ အဆိုပါနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ဆွေးနွေးကြသူများအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။



ဦးအေးချမ်းနိုင်
(အယ်ဒီတာချုပ်)
ဒီမိုကရက်တစ်မြန်မာ့အသံ(DVB)



ဦးဝင်းကြည်
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား



ဒေါ်သင်းသင်းသာ
မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ
(အတွင်းရေးမှူး-၁)



ဦးအောင်ရှင်(မုံရွာအောင်ရှင်)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်(ပြန်ကြားရေးတာဝန်ခံ)



ဦးဇော်သက်ထွေး
မြန်မာနိုင်ငံစာနယ်ဇင်း
သမဂ္ဂဦးဆောင်သူ

**ဦးအေးချမ်းနိုင် (အယ်ဒီတာချုပ်)**
**ဒီမိုကရက်တစ်မြန်မာ့အသံ (DVB)**

**မေး။ ။ အခု ရုပ်သံလွှင့်မီဒီယာဥပဒေက ၂၀၁၅ ဩဂုတ်မှာ ထွက်တယ်။ နည်းဥပဒေတော့ မထွက်သေးဘူး။ ဒါကို ပြင်ဆင်ဖို့အတွက် အခုလိုဆက်လက်ဆွေးနွေးနေမယ်ဆိုရင် ဒီဥပဒေတွေအတွက် အချိန်တွေအများကြီး ကြန့်ကြာနိုင်မလားဆိုတာ ဆရာ့အမြင်လေး သိချင်ပါတယ်။**

ဖြေ။ ။ ကြန့်ကြာကောင်း ကြန့်ကြာနိုင်ပါတယ်။ တစ်ခုလုပ်လို့ရတာက လက်ရှိဒီဥပဒေကိုပဲ မူတည်ပြီး နည်းဥပဒေရေး၊ လိုင်စင်ချသင့်တာချပေး၊ တစ်ပြိုင်တည်းမှာပဲ ဒီဥပဒေကို ပြန်ပြင်ဖို့ဆွေးနွေးမယ်ဆို ဖြစ်နိုင်တယ်။ ရုပ်သံလွှင့်မီဒီယာဥပဒေမှာ ပြုပြင်ရမှာတွေရှိတယ်။ ရုပ်သံလွှင့်ကောင်စီဖွဲ့စည်းတာမျိုးပေါ့။ ဘယ်အစိုးရတက်တက် ရုပ်သံဥပဒေကို သမ္မတက လွှမ်းမိုးနိုင်တယ်။ လွှတ်တော်နှစ်ခုနဲ့ သမ္မတက ရုပ်သံလွှင့်ကောင်စီကို ရွေးတာကိုး။ လွှတ်တော်နဲ့အစိုးရကို သူတို့က လွှမ်းမိုးထားတာကိုး။ အသံလွှင့်ဥပဒေမှာ အစိုးရပိုင်ရေဒီယို၊ အစိုးရပိုင်ရုပ်မြင်သံကြားတွေ ထပ်ထည့်ထားတာတွေ့ရတယ်။ ဒါက မရှိသင့်ပါဘူး။ အခုရှိနေတဲ့ မြန်မာ့အသံကိုပဲ ပြည်သူ့ဝန်ဆောင်မှုရုပ်သံ (PSB)ဖြစ်အောင် ပြုပြင်သင့်ပါတယ်။ နောက်တစ်ခုက TV Channel လိုင်းတွေမှာ Digital လိုင်းပေါင်း ၆၀ လောက်ရှိတယ်။ လိုင်းပေါင်း ၄၅ လိုင်းလောက်ယူပြီးပြီ။ ဒါဟာမမျှတပါဘူး။ မီဒီယာတစ်ခုကို လူနည်းစုက ကြီးစိုးထားရင် တိုင်းပြည်အန္တရာယ် ရှိပါတယ်။ တကယ်လွတ်လပ်တဲ့ မီဒီယာတွေက ခွဲဝေရယူတာက ဒီမိုကရေစီစနစ်ကို အုတ်မြစ်ချရာရောက်ပါတယ်။

**ဦးဝင်းကြည်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

**မေး။ ။ ပြည်သူ့ဝန်ဆောင်မှုရုပ်သံထုတ်လွှင့်မှု (PSB)နဲ့ပတ်သက်တဲ့ ဆောင်ရွက်မှုတွေက ဘာတွေဖြစ်မလဲဆိုတာ ဆရာ့အနေနဲ့ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ပြည်သူ့ဝန်ဆောင်မှုရုပ်သံထုတ်လွှင့်မှု (PSB)ဆိုတာက ပြည်သူ့အကျိုးကို ဦးတည်ဆောင်ရွက်သွားကြမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် နိုင်ငံတော်တော်များများမှာတော့ အလေးထားလာကြတယ်။ ပြည်သူ့အကျိုးကို အဓိကထားသယ်ပိုး လုပ်ဆောင်တဲ့အတွက် အောင်မြင်တဲ့ Broadcaster တွေဖြစ်လာတယ်။ PSB ဆိုတာ ကောင်းမွန်တဲ့ အစီအစဉ်ထုတ်လွှင့်ဖို့နဲ့ကဏ္ဍပေါင်းစုံက အကြောင်းအရာတွေ အစုံအလင်ပါဝင်လာဖို့ဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ အားလုံးကိုစတင်ပြင်ဆင်ပြီးသားပါ။ လောလောဆယ် ဝန်ထမ်းတွေကို သင်တန်းတွေပေးတယ်။ ဝန်ထမ်းတွေအနေနဲ့က ဆက်လက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ပဲ။ MRTV အနေနဲ့ အခြားရုပ်သံတွေအပေါ်မှာ မိတ်ဖက်အဖွဲ့အစည်းတွေလို့ပဲမြင်တယ်။ သူတို့လည်း လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ်။ မီဒီယာဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးကလိုလားတယ်။ အစိုးရသစ်အနေနဲ့ကလည်း သတင်းမီဒီယာလွတ်လပ်ခွင့်ကို အားပေးတယ်။ ဒီအခွင့်အရေးပေါ်မူတည်ပြီးတော့ လုပ်ကိုင်နိုင်စွမ်းပိုမိုတိုးချဲ့ပြီး ပြည်သူ့အတွက် ဆောင်ရွက်ပေးလိုက်ရင် အားလုံးအောင်မြင်မယ်လို့ မျှော်လင့်တယ်။

**ဒေါ်သင်းသင်းသာ**
**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ**
**(အတွင်းရေးမှူး-၁)**

**မေး။ ။ အခုခေတ်စားနေတဲ့ Social မီဒီယာအပေါ် ဥပဒေကြောင်းအရ အရေးယူသင့်သလားနဲ့ ညီလာခံမှာ ဆရာမတို့ဆွေးနွေးမယ့် အပိုင်းလေး ပြောပြပေးပါ။**

ဖြေ။ ။ လူတိုင်းက Social မီဒီယာလုပ်ကြတယ်။ Social မီဒီယာမှာ ဥပဒေရှိရမယ်။ တင်းတင်းကြပ်ကြပ်ကြီးတော့ မဟုတ်ဘူးပေါ့။ လူတစ်ယောက်ရဲ့ အကျိုးစီးပွားကို ထိခိုက်တယ်။ ကလေးတစ်ယောက်ရဲ့ အခွင့်အရေးနဲ့ ပတ်သက်တယ်လို့ ယူဆရင် အသိပညာပေးဖို့လိုတယ်။ လူ့အခွင့်အရေးကို ထိခိုက်တယ်လို့ ရေးဆွဲထားတဲ့ ဥပဒေတွေကတော့ Social မီဒီယာအတွက် လိုအပ်ပါတယ်။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ဥပဒေပေါ်ထွက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကရှိနေတော့ ကျွန်မတို့ဆီက ဒေါက်တာဇော်သန်းက ဥပဒေပြုရေးဘက်အပိုင်းမှာ ဆွေးနွေးမယ်။ အခုပြီးခဲ့တဲ့ ၅ နှစ်တာကာလမှာတော့ မြန်မာမီဒီယာလောကကို ပြောင်းလဲတယ်လို့ ယူဆပါတယ်။ စိစစ်ရေးကို လွှတ်ပေးလိုက်တာကိုက ကျွန်မတို့အတွက် တော်တော်ကြီးပေ့ါပါးသွားတယ်။ ကျွန်မတို့သတင်းရယူပိုင်ခွင့်ကတော့ လွယ်လွယ်ကူကူရရှိဖို့ ခက်ခဲနေပါသေးတယ်။ အခု DVB တို့ ဘာတို့ဆိုတာတောင် ဒီမှာလုပ်ခွင့်ရပေမယ့် တရားဝင်မီဒီယာ မဟုတ်ဘူး။

**ဦးအောင်ရှင်(မုံရွာအောင်ရှင်)**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်(ပြန်ကြားရေးတာဝန်ခံ)**

**မေး။ ။ ပြုပြင်ပြောင်းလဲမှုများစွာနဲ့ လျှောက်လှမ်းနေတဲ့ မီဒီယာကဏ္ဍနဲ့ပတ်သက်ပြီး အကြံပြုပြောကြားပေးပါဦး ဆရာ။**

ဖြေ။ ။ အခုမီဒီယာနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ တော်တော်များများလုပ်ကြတယ်။ ဒါဟာ သိပ်ကောင်းတဲ့ အစီအစဉ်ပါ။ နောက်အစိုးရလက်ထက်မှာတော့ Broadcast Law နဲ့ ပတ်သက်ပြီး ပြန်သုံးသပ်ရမယ်။ Broadcast Law နဲ့ပတ်သက်ပြီး နည်းဥပဒေမရေးရသေးဘူး။ Broadcast Lawကို လေ့လာကြည့်တော့ ပြင်စရာတွေ တော်တော်များများ တွေ့ရတယ်။ အရေးကြီးဆုံးက လိုင်စင်ကိစ္စပဲ။ အရင်စောစောပိုင်းက ပေးထားတဲ့ လိုင်စင်စနစ်က သိပ်မပီပြင်ဘူး။ နောက်Broadcast ထိန်းချုပ်မှုနဲ့ ပိုင်ဆိုင်မှုကလည်း တော်တော်လေးညှိနှိုင်းရမယ်။ ရုပ်သံပိုင်တဲ့ မီဒီယာက Print မီဒီယာ တွဲမကိုင်ရဘူးဆိုတဲ့ ကန့်သတ်ချက်တွေ ပြန်ညှိရမယ်။ မီဒီယာပြောင်းလဲမှုအတွက် လုပ်ဆောင်ရမှာက NLD တစ်ခုပဲ မဟုတ်ဘူး။ လွှတ်တော်အခန်းကဏ္ဍပါသလို မီဒီယာတကယ့် လက်တွေ့လုပ်နေတဲ့ ပုဂ္ဂိုလ်များရဲ့ အခန်းကဏ္ဍလည်းပါရမယ်။ အခုမီဒီယာက အရင်လိုမဟုတ်ဘဲ နည်းပညာ သိပ်ကိုတိုးတက်နေတယ်။ ဒါတွေကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာလည်း စဉ်းစားဖို့လိုတယ်။

**ဦးဇော်သက်ထွေး**
**မြန်မာနိုင်ငံစာနယ်ဇင်း**
**သမဂ္ဂဦးဆောင်သူ**

**မေး။ ။ ရုပ်မြင်သံကြားဆိုင်ရာထုတ်လွှင့်မှု မီဒီယာဥပဒေအပေါ် ဆရာ့ရဲ့သုံးသပ်ချက် အမြင်ကိုသိချင်ပါတယ်။**

ဖြေ။ ။ပြီးခဲ့တဲ့အစိုးရသက်တမ်းမှာ သတင်းမီဒီယာဥပဒေက ရေးဆွဲပြီးသွားပြီဖြစ်ပေမယ့် ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (Broadcast Law)က နည်းဥပဒေတွေနဲ့ ပြန်လည်ပြုပြင်ပြောင်းလဲဖို့ ကျန်သေးတယ်။ ဒါတွေကိုလွှတ်တော်က ဥပဒေပြုရေးပိုင်းမှာ အာဏာရှိတဲ့သူတွေကို သတင်းအချက်အလက်တွေ ပေးပို့တဲ့အခါ သူတို့အနေနဲ့ ဆင်ခြင်သုံးသပ်ပြီး လွှတ်တော်မှာ ပြင်ဆင်ဖြည့်စွက်ချက်တွေကို ပြည့်စုံအောင်လုပ်ဆောင်မယ်။ ဒါဆိုရင် ပြည်သူတွေအတွက် နိုင်ငံတကာရဲ့စံနှုန်းတွေနဲ့ညီမျှတဲ့(Broadcast Law) ထွက်လာမယ်။ ဒါပေမယ့် ဘယ်ဟာမှ ပြီးပြည့်စုံတာ မဟုတ်တာကြောင့် ဥပဒေပြဋ္ဌာန်းပြီးရင်လည်း ပြောင်းလဲလာတဲ့ လူ့ဘောင်အဖွဲ့အစည်းနဲ့အညီ ပြင်ဆင်ဖြည့်စွက်ချက်တွေ ဆက်လက်ဆောင်ရွက်သွားရမှာပါ။

ပြည်သူလူထုကို တကယ်ဆောင်ရွက်ပေးတဲ့မီဒီယာက ဘယ်လိုမျိုးလဲဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ တစ်ယောက်နဲ့တစ်ယောက်တူမှာမဟုတ်ဘူး။ လက်ရှိမီဒီယာနဲ့ နောက်ထပ် ပေါ်ပေါက်လာမယ့် မီဒီယာအနေနဲ့ ဥပဒေရဲ့တရားမျှတမှုအောက်မှာ ရောက်ဖို့လိုတယ်။ တရားမျှတတဲ့ ဥပဒေတွေက မီဒီယာတွေအပေါ် အကာအကွယ်ပေးထားဖို့လိုတယ်။ ။

## မော်လူးဒေသရှိ WHITE CITY နေရာသို့ ဗြိတိန်တပ်မတော် တပ်မဟာ(၇၇)မှ ဗိုလ်မှူးချုပ်အဆင့်ရှိ ဂျိမ်း(စ်)ဦးဆောင်သောအဖွဲ့မှ ချင်းဒစ်အထိမ်းအမှတ်ကျောက်တိုင် ဖွင့်လှစ်

**မော်လူး မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသရှိ WHITE CITY နေရာသို့သွားရောက်ရန် ဗြိတိန်တပ်မတော် တပ်မဟာ(၇၇)မှ ဗိုလ်မှူးချုပ်ဂျိမ်း(စ်)ဦးဆောင်သောအဖွဲ့ဝင် ၂၆ ဦးပါ Chindits(ချင်းဒစ်) စစ်ပြန်အဖွဲ့သည် အထူးရထားဖြင့် မန္တလေးဘူတာကြီးမှ မတ် ၁၆ရက်က ထွက်ခွာလာခဲ့ရာ မတ် ၁၇ ရက် နံနက် ၆ နာရီတွင် မော်လူးဘူတာသို့ရောက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့မှာ မော်လူးအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ယာယီပြသထားသော Chindits (ချင်းဒစ်) ပြခန်းအားလေ့လာပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဗိုလ်ချုပ်ဝင်းဂိတ်၏ ဗွီဒီယိုမှတ်တမ်းများကို စိတ်ဝင်စားစွာကြည့်ရှုခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဟဲနူရွာရှိ WHITE CITY ခေါ် မြို့ဖြူတော်ကို ၁၉၄၄ ခုနှစ် မတ် ၁၆ ရက်တွင် မီးရထားလမ်းနှင့် ကားလမ်းဆုံရာနေရာ၌ တည်ထောင်လိုက်ပြီး ၂၀၁၆ ခုနှစ် မတ် ၁၆ ရက်တွင် ၇၂ နှစ်ပြည့်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှာ WHITE CITY ၇၂ နှစ်ပြည့် အမှတ်တရနှင့် ချင်းဒစ်အထိမ်းအမှတ်ကျောက်တိုင်ကို ထိုစဉ်က တပ်စခန်းချခဲ့ရာ ဟဲနူရွာတွင် ဗိုလ်မှူးချုပ်ဂျိမ်း(စ်)(BrigadierAlastair JamesAitken)ကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။(ယာပုံ)

**(မောင်ချစ်လင်း)**



# မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေညီလာခံကျင်းပ



**ရန်ကုန် မတ် ၁၉**

မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေနှင့်ပတ်သက်သည့် ညီလာခံအား ဒီမိုကရက်တစ်မြန်မာ့အသံ(DVB)နှင့် USAID တို့၏ စီစဉ်မှုဖြင့် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပသည်။

ယနေ့ပြုလုပ်သည့် မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာနှင့် ဒေသတွင်းရုပ်သံလွှင့်မီဒီယာ ကျွမ်းကျင်သူများနှင့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၊ မီဒီယာအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီလာခံကျင်းပရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) Multimedia Group ၏ အယ်ဒီတာချုပ် ဦးအေးချမ်းနိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ရုပ်မြင်သံကြားအသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေအား ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း အဆိုပါဥပဒေတွင် ပြင်ဆင်ဖြည့်စွက်ရန်များရှိနေသေးကြောင်း၊ အဆိုပါအကြောင်းအရာများနှင့်ပတ်သက်၍ မိမိတို့က လက်ရှိအစိုးရအား ပွင့်ပွင့်လင်းလင်းပြောဆိုမှုများရှိသကဲ့သို့ နောင်ပေါ်ပေါက်လာမည့် အစိုးရအားလည်း ပွင့်ပွင့်လင်းလင်းပြောဆိုသွားရန်ရှိကြောင်း၊ ယခုပြုလုပ်သည့်ညီလာခံသည် မြန်မာနိုင်ငံတွင် လွတ်လပ်သည့် ရုပ်သံလွှင့်မီဒီယာ အမြောက်အမြားပေါ်ထွက်လာစေရန် ရည်ရွယ်ကြောင်း၊ လက်ရှိအစိုးရသည် ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများတွင် သိသာစွာပြောင်းလဲလုပ်ဆောင်နိုင်ခဲ့မှုအပေါ် ဂုဏ်ယူပါကြောင်း၊ သို့သော်လည်း ဆက်လက်လုပ်ဆောင်ရမည့် မီဒီယာလုပ်ငန်းများ ကျန်ရှိနေသေးကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မီဒီယာပြုပြင်ပြောင်းလဲရေး (Media Reform) အတွက် ၂၀၀၈ ခုနှစ်ကတည်းက စတင်လေ့လာခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် မိမိတို့အစိုးရလက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု (Media Development) ကို ပိုမိုဆောင်ရွက်နိုင်ရန် အဖွဲ့တစ်ခုထပ်မံဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ရုပ်မြင်သံကြားအသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ရေးဆွဲစဉ်က အကောင်းဆုံးဖြစ်စေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲခဲ့ကြောင်း၊ သို့ရာတွင် ပြီးပြည့်စုံသည့် ဥပဒေဆိုသည်မှာ မရှိသောကြောင့် အဆိုပါဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲမည်ဆိုပါက ယူနက်စကိုက သတ်မှတ်ထားသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသည့် စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ ပြည်သူများ၏လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်သည့် မျှတသည့်သတင်းအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်မှုဆိုင်ရာဥပဒေတွင် ပါဝင်သည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ အကြံပြုပြောကြားသည်။**(အပေါ်ယာပုံ)**

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင် (မုံရွာအောင်ရှင်)က မီဒီယာလုပ်ငန်းသည် ပြည်သူလူထုအတွက် အမြန်ဆန်ဆုံး၊ အပီပြင်ဆုံး၊ အကျယ်ပြန့်ဆုံး သက်ရောက်မှုရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ စေတနာနှင့် အကျိုးသက်ရောက်မှုကို ထပ်တူဖြစ်စေပြီး အစိုးရချုပ်ကိုင်မှုနည်းနိုင်သမျှနည်းစေကာ လွတ်လပ်တရားမျှတသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဆိုင်ရာဥပဒေကို အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီအနေဖြင့် မီဒီယာလောကတွင် တရားမျှတမှုရှိသည့် ဥပဒေပေါ်ထွက်လာစေရန်နှင့် နောင်ပေါ်ပေါက်လာသည့်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး မျှတစေရန်၊ လက်ဝါးကြီးအုပ်မှုများ မပေါ်ပေါက်စေရန် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်သံလွှင့်မီဒီယာ ဥပဒေညီလာခံ၌ လက်ရှိအသံလွှင့်ဥပဒေအား ပြန်လည်စိစစ်ရန်ကဏ္ဍ၊ ပြည်သူ့ဝန်ဆောင်မှုမီဒီယာလုပ်ငန်းကိစ္စရပ်များ ဆွေးနွေးရန်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်မီဒီယာများကို မည်ကဲ့သို့ကိုင်တွယ်မည်ဆိုသည့်အချက်အား ဆွေးနွေးရန်ကဏ္ဍ၊ ရုပ်သံလွှင့်လိုင်း ချပေးမည့်အဖွဲ့အား မည်ကဲ့သို့ဖွဲ့စည်းမည်ဆိုသည့် ကဏ္ဍများအား အဖွဲ့လေးဖွဲ့ခွဲ၍ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး ကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ ရရှိလာသည့် ရလဒ်များကို မတ် ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ရှင်းလင်းအသိပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# CB Securities Ltd. ဖွင့်လှစ်

**ရန်ကုန် မတ် ၁၉**

CB Securities Ltd. ဖွင့်ပွဲကို မတ် ၁၉ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့် ဗိုလ်တထောင်မြို့နယ်ရှိ UFC အဆောက်အအုံ၏ Level-3 ရှိ CB Securities Ltd. ရုံးချုပ်၌ ကျင်းပသည်။**(အပေါ်ပုံ)**

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကော်မရှင်ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် SECM အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူများ၊ CB Securities Ltd. ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းနှင့် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်များ တက်ရောက်ခဲ့သည်။

ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေး (Stock Exchange) လုပ်ငန်းကို ရန်ကုန်စတော့အိတ်ချိန်းတွင် လုပ်ဆောင်နိုင်ရန်အတွက် CB Securities Ltd. လုပ်ငန်းလိုင်စင်ကို SECM နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က တရားဝင်ခွင့်ပြုပေးထားပြီး ဖြစ်သည်။

CB Securities Ltd. လုပ်ငန်းသည် CB Bank က ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော CB Bank ၏ လက်အောက်ခံငွေရေးကြေးရေးကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် Securities ကုမ္ပဏီအဖြစ် ကုမ္ပဏီ ၁၀ ခုကို SECM က တရားဝင်ရွေးချယ်ထားသည်။ CB Bank Securities Ltd. သည် ၎င်းတို့အနက်မှ တစ်ခုဖြစ်သည့်အပြင် ခွင့်ပြုချက်ရရှိပြီးဖြစ်သည့် Securities ကုမ္ပဏီ ငါးခုအနက်မှ တစ်ခုဖြစ်ကာ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံတွင် လုပ်ဆောင်နိုင်ရန်အတွက် ရန်ကုန်စတော့အိတ်ချိန်း (YSX)ကို ရန်ကုန်မြို့တွင် တရားဝင်ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

CB Securities Ltd. အနေဖြင့် အများပြည်သူအားလုံးမှ စတော့ရှယ်ယာများကို လွယ်လင့်တကူဝယ်ယူနိုင်စေရန် ရန်ကုန်မြို့တစ်ခုတည်းတွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ CB Bank ဘဏ်ခွဲများတွင် စီစဉ်ပေးထား၍ ပြည်သူများ စိတ်ချစွာဝယ်ယူရောင်းချနိုင်စေရန်အတွက် CB Securities Ltd. တွင် အသုံးပြုမည့် Software ကို လုံခြုံစိတ်ချရသော ကမ္ဘာကျော် THOMSON REUTERS ကုမ္ပဏီ၏ Omnesys Nest Trader Software ကို တပ်ဆင်ထားပြီးဖြစ်ကာ ရောင်းဝယ်ဖောက်ကားလိုသူများသည် မည်သည့်နေရာသို့မျှ သွားစရာမလိုဘဲ ယင်း Software မှတစ်ဆင့် ရောင်းဝယ်ဖောက်ကားနိုင်အောင် Internet မှ ဖြစ်စေ၊ Mobile Platform မှဖြစ်စေ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် မတ် ၁၉**

စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မတ် ၁၇ ရက် နံနက် ၉ နာရီကကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက စာကြည့်တိုက်သမိုင်းကြောင်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးတင်ငွေ(မင်္ဂလာဒုံ)က စာပေပစ္စည်းထိန်းသိမ်းနည်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်(ရွှေပြည်သာ)က မျိုးတူစုအကြောင်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်(အင်းစိန်)က စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

မင်္ဂလာဒုံမြို့နယ်အတွင်းရှိ စာကြည့်တိုက်မှူးများနှင့် လေ့လာသူ ၃၀ တက်ရောက်ခဲ့ပြီး နှစ်ရက်တာသင်တန်းဖြစ်သည်။

အဆိုပါသင်တန်းကို မြောက်ပိုင်းခရိုင်အတွင်းရှိ အင်းစိန်မြို့နယ်တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၉ ရက်၊ လှိုင်သာယာတွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်၊ ထန်းတပင်မြို့နယ်တွင် မတ် ၈ ရက်မှ ၉ ရက်တွင် အသီးသီးဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ဝါးခယ်မ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ဧရာဝတီဆိပ်ခံဗောတံတား၌ဆိုက်ကပ်ကာ မင်းပိုင်းရပ်ကွက် သာသနာ့ဗိမာန်အတွင်း မွန်းတည့် ၁၂ နာရီမှစတင်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေး(ရွှေပုဇွန်)မှ ပါရဂူ ၁၃ ဦး၊ သူနာပြုအရာရှိ လေးဦး၊ ဆေးမှူးတစ်ဦးနှင့် အခြားအဆင့်ခုနစ်ဦးတို့က ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါများ၊ လိုအပ်သော ဆေးကုသမှုများအတွက် ဓာတ်မှန်ရိုက်ခြင်း၊ ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသ ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများမှ ပြည်သူများ လာရောက်ဆေးကုသမှုခံယူပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကာ အဆိုပါဆေးကုသမှုအား မတ် ၂၀ ရက်အထိ နှစ်ရက်ကြာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



# နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် နည်းပညာရရှိမှုများ ထိရောက်မှုရှိစေရေးအတွက် ဆောင်ရွက်နိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်နေ့ စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းပေါ်မှာသာ မှီခိုအားထားလုပ်ဆောင်သည့် အစဉ်အလာမှ အခြားသော ငွေကြေးဇာစ်မြစ်များဖြစ်သည့် နိုင်ငံတကာအကူအညီ အထောက်အပံ့၊ နည်းပညာ၊ ချေးငွေနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားအကူအညီ အထောက်အပံ့ရယူဆောင်ရွက်ရာတွင် ငွေကြေးနှင့် နည်းပညာဟူ၍ နှစ်မျိုးရှိပြီး ရေတို၊ ရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စေရေးအတွက် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန်နှင့် ပြည်သူများ လက်တွေ့ခံစားနိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်များဖြစ်စေရန် အလေးထား ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ဆင်းရဲမှုလျှော့ချရေး၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Regional Development Plan) အရ ဦးစားပေးကဏ္ဍ (Priority Sector)နှင့် ဦးစားပေးနယ်မြေ (Priority Area) စသည့် ကဏ္ဍများနှင့် ကိုက်ညီမှုရှိရန်၊ လုပ်ငန်းများအချင်းချင်း ထပ်နေသည်များ၊ လစ်ဟာနေသည်များမရှိစေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အပြန်အလှန်ညှိနှိုင်း၍ အချိုးကျမျှတစွာဖြစ်ရေးကို အလေးထား ဆောင်ရွက်ခဲ့သည်။

ဖွံ့ဖြိုးမှုပူးပေါင်းရေးအတွက် အလှူနိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံပေါင်း ၂၄ နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း ငါးခု၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်း ၂၀၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း ၁၀၆ ခုနှင့် အခြားအဖွဲ့အစည်းငါးခုတို့မှ လုပ်ငန်းစီမံချက်များကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ပေးအပ်သည့် အကူအညီများအနေဖြင့် နိုင်ငံအချင်းချင်းဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၃၂၃ ခု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၄၉ ခု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း (UN Agencies)များဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၇၂၅ ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) များဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၁၆၂ ခုနှင့် အခြားအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် လုပ်ငန်းစီမံချက် ၁၁ခု စုစုပေါင်း လုပ်ငန်းစီမံချက် ၁၂၇၀ ကို ဆောင်ရွက်နိုင်ခဲ့ပြီး စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၄၆ ဒသမ ၉၉၈ သန်းကို ရရှိပြီး တန်ဖိုးပစ္စည်းနှင့် နည်းပညာတန်ဖိုးများအပါအဝင် အမေရိကန်ဒေါ်လာ ၂၅၀၄ ဒသမ ၅၁၄ သန်း ရရှိပြီးဖြစ်သည်။

**အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီတို့ဖြင့် ဆောင်ရွက်သော လုပ်ငန်းစီမံချက်များ စာရင်းပေါင်းချုပ်**
**(၁-၄-၂၀၁၁ ရက်နေ့မှ ၂၉-၂-၂၀၁၆ ရက်နေ့ထိ)**

| စဉ် | နိုင်ငံ/ အဖွဲ့ အစည်း အရေအတွက် | စုစုပေါင်း | | | | ဆောင်ရွက်ပြီး | | | ဆောင်ရွက်ဆဲ | | | ရရန် ကျန်တန်ဖိုး (USD) သန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံ/ အဖွဲ့အစည်း အရေအတွက် | စီမံချက် | စီမံချက် တန်ဖိုး (USD)သန်း | ရရှိပြီး တန်ဖိုး (USD) သန်း | စီမံချက် | စီမံချက် တန်ဖိုး (USDသန်း | ရရှိပြီး တန်ဖိုး (USD) သန်း | စီမံချက် | စီမံချက် တန်ဖိုး (USD) သန်း | ရရှိပြီး တန်ဖိုး (USD) သန်း | |
| က | နိုင်ငံအချင်းချင်း | ၂၄ | ၃၂၃ | ၂၀၁၀. ၀၉၂ | ၉၆၆. ၈၁၂ | ၁၄၆ | ၆၇၂. ၉၈၈ | ၆၆၄. ၂၁၆ | ၁၇၇ | ၁၃၃၇. ၁၀၄ | ၃၀၂. ၅၉၆ | ၁၀၄၃. ၂၈၁ |
| ခ | အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း | ၅ | ၄၉ | ၁၅၂. ၉၀၈ | ၆၆. ၃၂၅ | ၂၀ | ၂၁. ၅၁၈ | ၂၁. ၅၀၈ | ၂၉ | ၁၃၁. ၃၉ | ၄၄. ၈၁၇ | ၈၆. ၅၈၃ |
| ဂ | ကုလသမဂ္ဂအဖွဲ့ အစည်းများ | ၂၀ | ၇၂၅ | ၁၁၃၂. ၄၁၅ | ၁၀၃၇. ၄၃၉ | ၆၁၁ | ၇၄၈. ၀၆၄ | ၇၃၆. ၂၆၄ | ၁၁၄ | ၃၈၄. ၃၅၁ | ၃၀၁. ၁၇၅ | ၉၄. ၉၇၆ |
| ဃ | နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ | ၁၀၆ | ၁၆၂ | ၅၄၅. ၉၀၃ | ၄၃၀. ၆၈၀ | ၅၆ | ၂၂၆. ၂၀၀ | ၂၂၉. ၄၈၀ | ၁၀၆ | ၃၁၉. ၆၉၃ | ၂၀၁. ၂၀၀ | ၁၁၅. ၂၂၃ |
| င | အခြား | ၅ | ၁၁ | ၅. ၆၈၀ | ၃. ၂၅၈ | ၅ | ၃. ၄၄၁ | ၃. ၀၃၂ | ၆ | ၂. ၂၃၉ | ၀. ၂၂၆ | ၂. ၄၂၂ |
| | စာရင်းပေါင်းချုပ် | ၁၆၀ | ၁၂၇၀ | ၃၈၄၆. ၉၉၈ | ၂၅၀၄. ၅၁၄ | ၈၃၈ | ၁၆၇၂. ၂၂၁ | ၁၆၅၄. ၅၀၀ | ၄၃၂ | ၂၁၇၄. ၇၇၇ | ၈၅၀. ၀၁၄ | ၁၃၂၄. ၄၈၄ |

**ဇာစ်မြစ်- ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ**

နိုင်ငံအချင်းချင်းအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ၁၄၆ ခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၁၇၇ ခုမှ ရရန် ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၄၃ ဒသမ ၂၈၁ သန်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ၂၀၊ ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းစီမံချက် ၂၉ ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၅၈၃ သန်း၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ အစည်းအနေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်းစီမံချက် ၆၁၁ ခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၁၁၄ ခုမှ ရရန်ကျန်တန်ဖိုးအမေရိကန်ဒေါ်လာ ၉၄ ဒသမ ၉၇၆ သန်း၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ၅၆ ခု၊ ဆက်လက်ဆောင်ရွက်ဆဲ လုပ်ငန်းစီမံချက် ၁၀၆ ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၂၂၃ သန်း၊ အခြားအဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းစီမံချက် ငါးခု၊ ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းစီမံချက် ခြောက်ခုမှ ရရန်ကျန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၂ သန်း ဖြစ်သည်။

ထို့ကြောင့် စုစုပေါင်းအနေဖြင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်း အရေအတွက် ၁၆၀၊ စီမံချက်ပေါင်း ၁၂၇၀၊ စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၃၈၄၆ ဒသမ ၉၉၈ ဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီး စီမံချက်ပေါင်း ၈၃၈ ခုအတွက် ဆောင်ရွက်ပြီး စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၆၇၂ ဒသမ ၂၂၁၊ ဆောင်ရွက်ဆဲ လုပ်ငန်းပေါင်း ၄၃၂ ခု၊ ဆောင်ရွက်ဆဲစီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၂၁၇၄ ဒသမ ၇၇၇ ရှိသည်။

ဆက်လက်၍ နိုင်ငံခြားအကူအညီ အထောက်အပံ့ရယူရန် နိုင်ငံခြားအကူအညီ အထောက်အပံ့ ဗဟိုကော်မတီမှ ခွင့်ပြုထားသည့် လုပ်ငန်းစီမံချက် ၄၃ ခုကို နိုင်ငံပေါင်းခြောက်နိုင်ငံနှင့် သက်ဆိုင်ရာဝန်ကြီးဌာန ၁၂ ခုနှင့် အဖွဲ့အစည်းနှစ်ခုတို့မှ လက်မှတ်ရေးထိုးဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိကြောင်း တင်ပြအပ်သည်။

**သူဇာခင် (စီမံ/စီးပွား)**

## ဘာလင်အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းပြပွဲ-၂၀၁၆ တွင် မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ မှတ်တမ်းဗီဒီယိုဆု ဆွတ်ခူးရရှိ

**နေပြည်တော် မတ် ၁၉**

International Tourismus Borse 2016 (ITB-2016)ကို ၂၀၁၆ ခုနှစ် မတ် ၉ ရက်မှ ၁၃ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုခရီးစဉ်ဒေသတစ်ခုအဖြစ် ဈေးကွက်မြှင့်တင်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်ဆွေနှင့်အတူ လေကြောင်းလိုင်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီ၊ ဟိုတယ်များတို့မှ ကိုယ်စားလှယ် ၇၈ ဦးသည် အဆိုပါပွဲသို့သွားရောက်၍ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားလုပ်ငန်းပြခန်း ၁၃ ခန်း ခင်းကျင်း၍ ပါဝင်ပြသခဲ့သည်။

အဆိုပါ အဖွဲ့သည် မတ် ၉ ရက် ညနေ၌ မြန်မာပြခန်းတွင် Wine Evening ပြုလုပ်၍ ပြပွဲသို့လာရောက်ကြသော မီဒီယာ၊ ခရီးသွားလုပ်ငန်းမှ မိတ်ဆွေများအား ဖိတ်ကြားဧည့်ခံခြင်းနှင့် မတ် ၁၀ ရက်တွင် နိုင်ငံတကာ မီဒီယာများကို ဖိတ်ကြား၍ Myanmar Let the Journey Begin ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သတင်းအချက်အလက်များအကြောင်းကို ရှင်းလင်းပြသခြင်းစသည့် ခရီးသွားမြှင့်တင်မှု အစီအစဉ်များကို ပြုလုပ်ခဲ့သည်။


ထို့ပြင် မတ် ၁၀ ရက်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း ရုပ်ရှင်ပြပွဲ၊ ပြိုင်ပွဲတွင် ဂျာမန်နိုင်ငံသား ဒါရိုက်တာ Max Kerkhobb ရိုက်ကူးထားသော "To Be discovered: Kayah State, Myanmar" ကယားပြည်နယ် လေ့လာရေးခရီးစဉ် ဗီဒီယိုမှာ ITB ခရီးသွားပြပွဲ ၂၀၁၆ ခုနှစ်၏ Diamond Award ဆုကို ဆွတ်ခူးရရှိကြောင်း သိရသည်။ ယင်းဗီဒီယိုဖိုင်မှာ နယ်သာလန်နိုင်ငံရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်များမြှင့်တင်ရေး ဗဟိုဌာန (Centre for promotion of imports from Developing countries CBI) ၏ ထောက်ပံ့မှု၊ နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန (International Trade Centre-ITC) တို့ပူးပေါင်းမှုဖြင့် ဆောင်ရွက်နေသော ကယားပြည်နယ်အခြေပြု အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း စီမံချက် (Inclusive Tourism Focusing on Kayah State) ၂၀၁၄-၂၀၁၇ စီမံကိန်း၏ အစီအစဉ်တစ်ရပ်အနေဖြင့် ကယားပြည်နယ်အား ခရီးစဉ်ဒေသအသစ်တစ်ခုအဖြစ် ဖော်ထုတ်နိုင်ရန် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

"To Be discovered: Kayah State, Myanmar" ဗီဒီယိုကို ဂျာမနီနိုင်ငံသား ဒါရိုက်တာ Max Kerkhobb နှင့် အဖွဲ့ဝင်သုံးဦးသည် ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၃ ရက်အတွင်း မြန်မာနိုင်ငံသို့လာရောက်၍ ကယားပြည်နယ်နှင့် အင်းလေးဒေသသို့ သွားရောက်ပြီး ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းရုပ်ရှင်ပြပွဲ၊ ပြိုင်ပွဲကို City Tourism, Hotel Region, Economy, Spots and Commercials and TV -Travel magazine စသည့်ခေါင်းစဉ်အမျိုးအစား ခြောက်ခုဖြင့် ကျင်းပခဲ့ပြီး နိုင်ငံတကာမှ ခရီးသွားမှတ်တမ်း အမျိုးအစား ဗီဒီယိုပေါင်း ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆန်ခါတင်နောက်ဆုံးအဆင့် ဗီဒီယို ၁၄ ခုထဲမှ ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## Myanmar Book Centre
## စာအုပ်အထူးဈေးရောင်းပွဲကျင်းပ

**မန္တလေး မတ် ၁၉**

Myanmar Book Centre\Book-Buffet&Clearance Sales အစီအစဉ် စာအုပ်အထူးဈေးရောင်းပွဲတော်ကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း (၃၃)လမ်းနှင့် (၃၄)လမ်းကြားရှိ ရတနာပုံဒိုင်းမွန်းပလာဇာ ပရိမိုးရှင်းဧရိယာတွင် ကျင်းပရာ မန္တလေးမြို့ရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့်ပုဂ္ဂလိက ကျောင်းများမှကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုဝယ်ယူကြသည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် မူကြိုကလေးအရွယ်မှ တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက် ဗဟုသုတရရှိစေမည့် စာအုပ်များ၊ ကလေးစာအုပ်များ၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတက္ကသိုလ်နှင့် ကျောင်းများတွင် အသုံးပြုသည့် ဘာသာရပ်၂၀ ကျော် ရေးသားထားသော စာအုပ်များအား 12×10×3 လက်မ အရွယ်အိတ်အတွင်း နှစ်သက်ရာစာအုပ်များ အပြည့်ထည့်နိုင်သည့် ငွေကျပ် ၁၅၀၀၀ စာအုပ်ဘူဖေးအစီအစဉ်နှင့် 16×10.5×3.5 လက်မ အရွယ်အိတ်အတွင်းကြိုက်နှစ်သက်ရာ စာအုပ်အပြည့်ထည့်ဝယ်ယူနိုင်သည့် ငွေကျပ် ၂၅၀၀၀တန် စာအုပ်ဘူဖေးအစီအစဉ်များဖြင့် ကမ္ဘာ့နိုင်ငံများတွင် ရိုက်နှိပ်ထုတ်ဝေထားသော ပညာရပ်ဆိုင်ရာစာအုပ်များအား ရောင်းချပေးရာ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# နိုင်ငံတော်က ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိ



**ရန်ကုန် မတ် ၁၉**

နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသောဈေးဖြင့် အရည်အသွေးမြင့်မားပြီး ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်အတွက် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောသည်။

ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၌ ကျင်းပသည့် ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ နာယက ပါမောက္ခဒေါက်တာမြဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ရဲမြနှင့် ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့သည် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ၂၅ ခုမြောက် ဘာသာရပ်ဆိုင်ရာအဖွဲ့တစ်ခုဖြစ်ပြီး ရန်ကုန်မြို့တွင်းရှိ ပြည်သူ့ဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး(CME) အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် မြို့နယ်များရှိ ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများမှ ဆေးရုံအုပ်ချုပ်မှုစီမံခန့်ခွဲမှုနှင့် နီးနွယ်သော ဆရာဝန်များအား မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)တို့တွင် CME Course on Hospital Management သင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ၂၀၀၇ ခုနှစ် ဧပြီ ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်သည့် ဥပဒေကို ၂၀၁၃ ခုနှစ် ဇွန် ၂၈ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ အလားတူ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်၊ ဓာတ်ပုံ-လှမိုး**

■ ■

**❋ သွားလာမှုမှ**

၁၉၇၄ ခုနှစ် ဧပြီလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းပေးခဲ့သည်။

ဥတ္တိုတံတားမရှိခင်အချိန်က ပုသိမ်မှ ချောင်းသာသို့သွားမည်ဆိုလျှင် ပုသိမ်ဆိပ်ကမ်းမှ ရှောပြာသို့ စက်လှေ သို့မဟုတ် သင်္ဘောဖြင့်သွားလာရပြီး ရှောပြာမှတစ်ဆင့် ဆိပ်ကြီးကျေးရွာသို့ ကားဖြင့်လည်းကောင်း၊ ဆိပ်ကြီးကျေးရွာမှ စက်လှေဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းပြီး စီးနင်းကာ ပုသိမ်မှ ချောင်းသာသို့ တစ်နေကုန်သွားရသည်။ ၁၉၈၅ ခုနှစ်နောက်ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဥတ္တိုတံတားကို သစ်သား Pile များဖြင့် သစ်သားတံတားတည်ဆောက်ခဲ့သဖြင့် ရှောပြာမှ ချောင်းသာသို့ ကားဖြင့်သွားနိုင်ခဲ့သည်။

သစ်သားတံတားမှာ ရေရှည်တွင် ပင်လယ်ရေငန်ထိတွေ့မှုကြောင့် သစ်သားတံတားတိုင်များကို ဒီရေပိုးစားလာခြင်းကြောင့် ၁၉၉၇ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မူလသစ်သားတံတားကို ဖျက်သိမ်းပြီး အောက်ခြေတွင် သံကူကွန်ကရစ်တံတားတိုင်များအား နှစ်လမ်းသွားသံကူကွန်ကရစ်တိုင်များအဖြစ် ဆောင်ရွက်ခဲ့ပြီး ယာဉ်သွားလမ်းကို နှစ်လွှာတစ်ထပ်ဘေလီတစ်လမ်းသွားအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းအချိန်က ပုသိမ်တံတားမရှိသေး၍ ရွှေမြင်တင်မှ တစ်ဖက်ကမ်းရှိ သံလျက်စွန်းသို့ ဇက်ရေယာဉ်ဖြင့် ကူးပြီး သံလျက်စွန်းမှတစ်ဆင့် ချောင်းသာသို့သွားရသည်။ နောက်ပိုင်း ပုသိမ်တံတား၊ ကျောက်မြောင်းကြီးတံတားနှင့် ပုသိမ်တံတားအနောက်ဘက်ချဉ်းကပ်လမ်းများ တည်ဆောက်ပေးနိုင်မှုကြောင့် ပုသိမ်မှ ချောင်းသာသို့ အချိန်တိုတိုအတွင်း သွားလာနိုင်ခဲ့သည်။

နှစ်လမ်းသွားဥတ္တိုတံတားစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၅)မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၁၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ဥတ္တိုတံတား၏ ပင်မတံတားအရှည်မှာ ပေ ၉၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည်။ ယခင်တည်ဆောက်ထားပြီး နှစ်လမ်းသွားသံကူကွန်ကရစ်တံတားတိုင်များပေါ်မှ နှစ်လမ်းသွားဘေလီ(Steel Decking) ဖြင့် တည်ဆောက်ထားသော တံတားဖြစ်သည်။ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၈၄ ပေရှိသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၃၀ ဖြတ်သန်းသွားလာနိုင်သည်။ အဆိုပါတံတား၏ ကိုယ်ထည်ကို တစ်လခွဲဖြင့် အပြီးတည်ဆောက်ခဲ့သည်ဟု သိရသည်။ မတ် ၅ ရက်က စတင်ပြီး နှစ်တန်အောက်ကားများကို စမ်းသပ်ဖြတ်သန်းခွင့်ပြုခဲ့သည်။

ထို့ပြင် ပုသိမ်-ရှောပြာ-ချောင်းသာလမ်းသည် ယခင်က ၁၂ ပေသာ ကျယ်သည့်အတွက် မျက်နှာချင်းဆိုင် ယာဉ်များတွေ့ဆုံပါက တစ်စီးနှင့်တစ်စီး ရပ်ပြီးမှရှောင်၍သွားလာရသည့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုအခါ ပုသိမ်-ရှောပြာ-ချောင်းသာလမ်းကို ၁၈ ပေ အကျယ်ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့သဖြင့် အဆိုပါလမ်းမှတစ်ဆင့် ဥတ္တိုတံတားကြီးပေါ်သို့ ဖြတ်သန်းကာ ယာဉ်ကြီး၊ ယာဉ်ငယ်များ စောင့်ဆိုင်းစရာမလိုဘဲ အသွားအပြန် ကျယ်ကျယ်ဝန်းဝန်းနှင့် အန္တရာယ်ကင်းစွာ လိုရာခရီးသွားလာနိုင်ကြပြီဖြစ်သည်။

**❋ ကျောဖုံးမှ**

နေရာများတွင် အစားထိုးပြေးဆွဲနိုင်ရန် ယခုရထားတွဲဆိုင်းများအား စစ်ဆေးစမ်းသပ်မောင်းနှင်မှုများပြုလုပ်ပြီး ယနေ့မှစတင်ကာ အသုံးပြုပြေးဆွဲခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုကဲ့သို့ နည်းပညာမြင့်မားသော စက်ခေါင်းသစ်နှင့် လူစီးတွဲသစ်များအား ပြည်တွင်းတွင် တည်ဆောက်ထုတ်လုပ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၇၉ သန်းဖြင့် နေပြည်တော်တွင် စက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံနှင့် မြစ်ငယ်တွင် လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CMC)ကုမ္ပဏီနှင့် ၂၀၁၃ ခုနှစ်အတွင်း စတင်တည်ဆောက်အကောင်အထည်ဖော်ခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ယနေ့ပြေးဆွဲသည့် ရထားတွင် အသုံးပြုထားသည့် စက်ခေါင်းသည် Caterpillar အင်ဂျင်တပ်ဆင်ထားပြီး ကွန်ပျူတာနှင့် ထိန်းချုပ်စနစ်တပ်ဆင်ထားသည့် လေအိတ်ပါ ခေတ်မီစက်ခေါင်းများဖြစ်ပြီး လူစီးတွဲများသည်လည်း ခေတ်မီလေအိတ်စနစ် တပ်ဆင်ထားသောကြောင့် လမ်းခရီးတစ်လျှောက်ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်မည်ဖြစ်သည့်အပြင် ခရီးသည်များ လုံခြုံမှုရှိစေရန် CCTV များ တပ်ဆင်ပေးထားကြောင်း သိရသည်။

ယခုပြေးဆွဲသည့် ရထားတွဲဆိုင်းသည် စက်ခေါင်းတစ်ခေါင်း၊ ရိုးရိုးတန်းကိုးတွဲနှင့် ဘရိတ်တွဲတစ်တွဲပါဝင်မည်ဖြစ်ပြီး ရိုးရိုးတန်းတစ်တွဲလျှင် ၆၈ ဦး စီးနင်းနိုင်ကာ ကိုးတွဲအတွက် ၆၁၂ ဦးနှင့် ဘရိတ်တွဲတွင် ၃၆ ဦး စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည့်အတွက် စုစုပေါင်း ၆၄၈ ဦး စီးနင်းနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ ရန်ကုန်-ပြည် ကျပ် ၁၉၅၀ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာမည့်အမှတ်(၇၁)အဆန်ရထားသည် ပြည်မြို့သို့ ည ၉ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပြည်မြို့မှ ည ၁၁ နာရီခွဲတွင် ထွက်ခွာမည့်အမှတ်(၇၂)အစုန်ရထားသည် ရန်ကုန်မြို့သို့ နောက်တစ်နေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများအဆင်ပြေစေရေးအတွက် လမ်းခရီးတွင် ၁၃ ဘူတာ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဗိုလ်ကျအနိုင်ကျင့်ပြီး ပြစ်မှုဖြင့်ထွက်ပြေးတိမ်းရှောင်နေသော လူဆိုးလူမိုက် စန်းဦးနှင့်အဖွဲ့အား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးရာမှ ၉ မမ ပစ္စတိုသေနတ်တစ်လက်နှင့် ယင်းကျည် ၅၂ တောင့်နှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူတို့အပေါ် ဗိုလ်ကျအနိုင်ကျင့်ပြီး ရာဇဝတ်မှုများ ကျူးလွန်သည့် လူဆိုးလူမိုက်များအား ဖမ်းဆီးအရေးယူရန် အထူးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက် နံနက် ၄ နာရီတွင် ဆိုးသွမ်းရမ်းကားနေသော လူဆိုးလူမိုက်များ နယ်မြေအတွင်း လှုပ်ရှားနေကြောင်းသတင်းအရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များသည် တွံတေးမြို့နယ် ရန်ကြီးကျေးရွာလမ်းတွင် စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် 1J-----ဆလွန်းအမျိုးအစားခဲရောင်မော်တော်ယာဉ်အား မောင်းနှင်လာသည်ကို တွေ့ရှိသဖြင့် ပိတ်ဆို့ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်မှာ နောက်ဆုတ်ပြီး ထွက်ပြေးမည်ပြုစဉ် ရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်၏ဘီးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အဆိုပါယာဉ်မှာရပ်တန့်သွားခဲ့ပြီး မော်တော်ယာဉ်ပေါ်တွင် တွံတေးမြို့နယ်နေသူများဖြစ်သည့် စန်းဦး(၄၄)နှစ်၊ ငြိမ်းချမ်းကို(၂၅)နှစ်၊ မျိုးသက်နိုင်(၃၁)နှစ်နှင့် ကိုကိုမောင်(၃၀)နှစ်တို့နှင့်အတူ မော်တော်ယာဉ်၏ခေါင်းခန်းအတွင်းရှိ ခါးပတ်အိတ်အတွင်းမှ ကျည်ငါးတောင့်အသင့်ထည့်ထားသည့် ၉ မမ ပစ္စတိုသေနတ်တစ်လက်၊ အိတ်အတွင်းမှ ယင်းကျည် ၄၇ တောင့် တွေ့ရှိပြီး ယာဉ်နောက်ခန်းအတွင်း အရိုးအသွား ၁၆ လက်မခွဲခန့်ရှိ ဓားမြှောင်နှစ်ချောင်း၊ အရိုးအသွား ၁၆ လက်မရှိ ဘက်နက်တစ်ချောင်းနှင့် ၎င်းတို့အသုံးပြုသည့် လက်ကိုင်ဖုန်း သုံးလုံးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။



ယင်းသို့ ဖမ်းဆီးရမိခဲ့သူစန်းဦးနှင့် ငြိမ်းချမ်းကိုတို့မှာ တွံတေးမြို့မရဲစခန်း (ပ)၂၀၅/၂၀၁၅၊ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၄၂၇/၃၃၆/၅၀၆/၁၁၄ အမှုမှ တရားခံပြေးများဖြစ်သည့်အပြင် စန်းဦးမှာ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် အနိုင်ကျင့်ဗိုလ်ကျနေသူတစ်ဦးဖြစ်ပြီး ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၁၅၆/၂၀၁၄၊ ပြစ်မှုဆိုင်ရာပုဒ်မ ၃၂၆/၁၀၉/၁၁၄ အမှုမှ တရားခံပြေးတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ယခုဖမ်းဆီးရမိသော စန်းဦးပါ လေးဦးတို့အား သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အများပြည်သူတို့ စိုးရိမ်ကြောက်ရွံ့နေရသော လူဆိုးလူမိုက်များအား အထူးစီမံချက်ဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နွေရာသီမျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁၉**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့တို့ ကြီးမှူး၍ နွေရာသီဂေါက်သီးရိုက်သင်တန်း အမှတ်စဉ်(၈)ဖွင့်ပွဲကို မတ် ၂၁ ရက်မှ ၂၈ ရက်ထိ နံနက် ၈ နာရီမှ ၁၀ နာရီထိ National Golf Rang အမျိုးသားအားကစားလေ့ကျင့်ရေးကွင်း သုဝဏ္ဏအားကစားဥယျာဉ်(ရန်ကုန်)တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ အသက် ၁၀ နှစ်မှ ၁၈ နှစ်ထိ အမျိုးသား အမျိုးသမီးလူငယ်များ တက်ရောက်နိုင်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# အခမဲ့ အခြေခံကွန်ပျူတာသင်တန်းဖွင့်

**ရန်ကုန် မတ် ၁၉**

အင်းစိန်မြို့နယ် မြို့သစ် (ဂ)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများအား သင်ကြားပေးမည့် အခမဲ့ကွန်ပျူတာ အခြေခံသင်တန်းဖွင့်ပွဲ၌ ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် အမြင်သစ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ နာယကကြီး ဦးမောင်မောင်မြင့်အေးတို့က အမှာစကားပြောကြားသည်။

အဆိုပါအခမဲ့ကွန်ပျူတာ အခြေခံသင်တန်းတွင် စေတနာ့ဝန်ထမ်း ကွန်ပျူတာကျွမ်းကျင် ဆရာဦးဇေယျာမျိုး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ဆရာမ ဒေါ်ဆုရတနာမိုးနှင့် ဒေါ်အိမ်ပြည့်ဖြိုးတို့က အမြင်သစ်စာကြည့်တိုက်ပိုင် ကွန်ပျူတာခုနစ်လုံးကို အသုံးပြု၍ ရပ်ကွက်အတွင်း သင်တန်းသား သင်တန်းသူ ၆၀ ကို တစ်ပတ်လျှင် လေးရက်သတ်မှတ်ပြီး မတ် ၆ ရက်မှ ဧပြီ ၃၀ ရက်ထိ နှစ်လကြာ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်တွင်းရေးရာ

**☆ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမူလုံကျေးရွာအနီးရှိ တေဇသာလာဓမ္မာရုံ၌ ကျင်းပသည့် မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မဟာတေဇဝန္တရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ပူဇော်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မဟာတေဇဝန္တရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနား အထိမ်းအမှတ်အဖြစ် မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပရိသတ်များနှင့်အတူ မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာရထားပျံပေါ်သို့ပင့်ဆောင်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်အား ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံပြည်သူများထံ ဗုဒ္ဓဆင်းတုတော်များ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

## ပြည်တွင်းရေးရာ

❐ စာမျက်နှာ ၈ မှ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မဟာတေဇဝန္တရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားအထိမ်းအမှတ်အဖြစ် မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား တေဇသာလာ ဓမ္မာရုံ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာတေဇဝန္တ ရွှေတိဂုံစေတီနှင့် မဟာတေဇဝန္တ ရွှေစည်းခုံစေတီများ စိန်ဖူးတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားကို တက်ရောက် ကြည်ညိုကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများထံ ဗုဒ္ဓဆင်းတုတော်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပူတာအို-မချမ်းဘော့လမ်းပိုင်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မချမ်းဘော့မြို့ ဂူဘားရိပ်သာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်နေသည့် မလိခတံတား(မချမ်းဘော့) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး မလိခတံတားဟောင်း ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် မလိခတံတားသစ်တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်အထွတ်တွင် စိန်ဖူးတော်အား တင်လှူပူဇော်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံပြည်သူများအား အဝတ်အထည်များ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်အထွတ်တွင် စိန်ဖူးတော်အား တင်လှူပူဇော်စဉ်။** (သတင်းစဉ်)

# စင်ကာပူ၊ လက်ဘနွန်တို့နှင့် ပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်း လူရွေးချယ်

**ရန်ကုန် မတ် ၁၉**

မတ် ၂၄ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ၊ မတ် ၂၉ ရက်တွင် လက်ဘနွန်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အသင်းသည် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၄ ရက်မှစတင်ကာ ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး မတ် ၁၉ ရက်တွင် ပဏာမကစားသမား နှစ်ဦးကို လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာရာတွင် ဒေးဗစ်ဒန်းနှင့် နိုင်နိုင်ကျော်တို့ ကျန်ရစ်ခဲ့ပြီး ကစားသမားသစ်များလည်းပါဝင်ခဲ့သည်။ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်းမှ ကစားသမားခုနစ်ဦး ပြန်ပါလာပြီး ရန်နိုင်ဦး၊ သီဟထက်အောင်၊ ဝင်းနိုင်စိုး စသည့် ကစားသမားအချို့ လက်ရွေးစင်အသင်း၌ ရွေးချယ်ခံခဲ့ရသည်။



အပြီးသတ်ရွေးချယ်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း ဂိုးနည်းပြ - ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း (ဟံသာဝတီ)၊ ပြည့်ဖြိုးအောင် (Southern)၊ နောက်တန်း-သက်နိုင်(ရတနာပုံ)၊ ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဇော်မင်းထွန်း၊ သီဟထက်အောင်(ရန်ကုန်)၊ အောင်ဇော်(ဟံသာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်းယူနိုက်တက်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အလယ်တန်း-ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရှေ့တန်း-ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)နှင့် ဆောင်လမန်(ချင်းယူနိုက်တက်)တို့ ပါဝင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား၊ ခြေစစ်ပွဲနောက်ဆုံးပွဲ မတိုင်မီ စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး စင်ကာပူလက်ရွေးစင်အသင်းနှင့် ဂျလန်းဘီဆာကွင်း၌ ခြေစမ်းမည်ဖြစ်သည်။

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

### ထူးခြားသည့် နေ့အပူချိန်များ

(၁၉-၃-၂၀၁၆)

| | |
|---|---|
| အောင်လံ | ၄၁°C |
| သာယာဝတီ | ၄၁°C |
| ချောက် | ၄၀°C |
| မကွေး | ၄၀°C |
| ပြည် | ၄၀°C |
| ကြို့ပင်ကောက် | ၄၀°C |
| ဟင်္သာတ | ၄၀°C |
| ဘော်လခဲ | ၄၀°C |


နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့


မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

# ဖိလစ်ပိုင်တွင် စစ်စခန်းငါးခုထားရှိရေး အမေရိကန်နှင့် ဖိလစ်ပိုင်သဘောတူညီ

**မနီလာ မတ် ၁၉**

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံအစိုးရတို့သည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်စစ်အခြေစိုက်စခန်းငါးခုထားရှိရန် သဘောတူညီခဲ့ကြသည်။ အဆိုပါစစ်စခန်းငါးခုအနက် စစ်စခန်းတစ်ခုသည် တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်နယ်မြေအငြင်းပွားမှုဖြစ်နေသည့် စပရက်တလီကျွန်းစုအနီးတွင် ထားရှိသွားမည်ဖြစ်သည်။

အဆိုပါသဘာတူညီချက်ကို ဝါရှင်တန်မြို့တော်တွင် မတ် ၁၈ ရက်က ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်က ချုပ်ဆိုခဲ့သည့် စစ်ဘက်ဆိုင်ရာအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး စာချုပ်သစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု သိရသည်။

စစ်အခြေစိုက်စခန်းငါးခုအနက် အန်တီနီယိုဘာတီစတာ လေတပ်စခန်းသည် ပလာဝန်ကျွန်းအရှေ့ပိုင်းတွင် တည်ရှိပြီး တောင်တရုတ်ပင်လယ်ကို မျက်နှာမူလျက်ရှိသည်။ အဆိုပါလေတပ်စခန်းသည် စပရက်တလီကျွန်းစုရေပြင်နှင့် ကီလိုမီတာ ၃၅၀ ခန့်ကွာဝေးပြီး စပရက်တလီကျွန်းစုတွင် တရုတ်နိုင်ငံက ကျွန်းတုများတည်ဆောက်လျက်ရှိသည်။ အဆိုပါကျွန်းစုကို တရုတ်နှင့် ဖိလစ်ပိုင်တို့အပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံက ပိုင်ဆိုင်ရေးအတွက် အငြင်းပွားလျက်ရှိသည်။

ယခုသဘောတူညီချက်ကြောင့် အဆိုပါစစ်စခန်းများသို့ အမေရိကန်တပ်များ မကြာမီဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဖီးလစ်ဂိုဘာ့ဂ်ျက ပြောကြားသည်။

အဆိုပါသဘောတူညီချက်သည် တောင်တရုတ်ပင်လယ်ရှိအငြင်းပွားနယ်မြေများကို စောင့်ကြည့်လေ့လာခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ လှုပ်ရှားမှုများကို အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**


ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုတွင် တွေ့ရသည့် အမေရိကန်နှင့်ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ။

## နယ်စပ်ပူးပေါင်းဆောင်ရွက်ရေး ထိုင်းနှင့်ကမ္ဘောဒီးယား ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးမည်

**ဖနောင်ပင် မတ် ၁၉**

နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်ရေးအတွက် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးပရာဝပ် ဝမ်ဆူဝမ်နှင့်တွေ့ဆုံဆွေးနွေးရန်အတွက် ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တီဘန့်သည် လာမည့်ရက်သတ္တပတ်တွင် ဗန်ကောက်မြို့သို့သွားရောက်မည်ဟု ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပမည့်ထိုင်းနှင့် ကမ္ဘောဒီးယားအထွေထွေနယ်ခြားကော်မတီ အစည်းအဝေးတွင် နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများက တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။

ယင်းတွေ့ဆုံဆွေးနွေးမှုတွင် အရေးပါသည့်ခေါင်းစဉ်သုံးခုကို ဆွေးနွေးမည်ဟု ရှုမြင်ထားကြသည်။ ယင်းတို့မှာ နယ်စပ်လုံခြုံရေးဆိုင်ရာများ၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး နယ်စပ်ချင်းထိစပ်မှုမှာ ကီလိုမီတာ ၈၀၀ ကျော် ရှည်လျားသည်။

**ဆင်ဟွာ။**






## ပါရီတိုက်ခိုက်မှုအတွက် သံသယရှိသူ ဘရပ်ဆယ်မြို့တွင် ဖမ်းမိ

**ဘရပ်ဆယ် မတ် ၁၉**

ဘယ်လ်ဂျီယံရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်နှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် လူအများအပြားသေဆုံးစေခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုအတွက် အဓိကသံသယရှိသူတစ်ဦးကို ဖမ်းဆီးနိုင်ခြင်းဖြင့် လေးလကြာမြင့်နေပြီဖြစ်သည့် လူဆိုးဖမ်းပွဲကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

ရဲအရာရှိများသည် အသက် (၂၆)နှစ်ရှိ ပြင်သစ်နိုင်ငံသား ဆာလာ အဒီဆလမ်း ဆိုသူကို ဘရပ်ဆယ်မြို့ စီးနင်းတိုက်ခိုက်မှုအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ အဒီဆလမ်းသည် ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ဥရောပတွင် အလိုရှိဆုံးစာရင်းဝင် အကြမ်းဖက်သမားတစ်ဦးဖြစ်သည်။ လူ ၁၃၀ သေဆုံးပြီး လူပေါင်းများစွာဒဏ်ရာရရှိခဲ့သည့် ပါရီမြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် အဒီဆလမ်းသည် တိုက်ခိုက်ရေးအစီအစဉ်များတွင် အဓိကပါဝင်ပတ်သက်သူတစ်ဦးဖြစ်သည်ဟု သံသယရှိခဲ့ကြသည်။

စီးနင်းတိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင်များသည် အခြားလူလေးဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ပြီး သုံးဦးမှာ အဒီဆလမ်းကို ခိုလှုံပုန်းအောင်းခွင့်ပေးထားသည့် မိသားစုတစ်စုမှဖြစ်သည်ဟု ဘယ်လ်ဂျီယံရှေ့နေများက ပြောကြားသည်။

ဘယ်လ်ဂျီယံဝန်ကြီးချုပ် ချားလ်မစ်ချယ်လ်နှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းတို့က အဆိုပါ ဖမ်းဆီးနိုင်မှုနှင့်ပတ်သက်၍ ဘရပ်ဆယ်မြို့တွင် သတင်းစာရှင်းလင်းပွဲတစ်ခုပြုလုပ်ခဲ့သည်။ ဖရန်ဆွာဟော်လန်းက ဖမ်းဆီးရမိသည့် သံသယရှိသူကို ပြင်သစ်နိုင်ငံသို့ လွှဲပြောင်းပေးရန်တောင်းဆိုခဲ့ပြီး ဥရောပတစ်ဝန်းရှိ အကြမ်းဖက်ကွန်ရက်ကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ကတိပြုပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## ထိုင်း၊ စင်ကာပူနှင့် အမေရိကန်လေတပ် စစ်လေယာဉ်များ လေ့ကျင့်ပျံသန်းမှုပြီးစီး

**စင်ကာပူ မတ် ၁၉**

စင်ကာပူနိုင်ငံ လေတပ်မှစီစဉ်ပြုလုပ်သည့် ထိုင်း၊ စင်ကာပူနှင့် အမေရိကန်လေတပ်လေယာဉ်များ လေ့ကျင့်ပျံသန်းမှု အစီအစဉ်များ မတ် ၁၈ ရက်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ယင်းလေ့ကျင့်ပျံသန်းမှုကို ထိုင်းနိုင်ငံ ကိုရတ်လေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယင်းသုံးနိုင်ငံ လေတပ်လေယာဉ်များ လေ့ကျင့်ပျံသန်းမှုကို (၂၂)ကြိမ်မြောက်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်မှုတွင် အဆင့်နှစ်ခု ပါဝင်သည်။ ပထမအဆင့် လေ့ကျင့်ပျံသန်းမှုကို အခြေစိုက်စခန်းမှ ကွပ်ကဲပျံသန်းမှုဖြင့် နိုင်ငံစုံလေယာဉ်များ စစ်ဆင်ရေးနှင့် လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းအဆင့် လေ့ကျင့်ပျံသန်းမှုကို ယမန်နှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အတွင်းက စင်ကာပူနိုင်ငံ ချန်ဂီရေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သုံးနိုင်ငံလေတပ်ဖွဲ့ လေယာဉ်များ ပူးပေါင်းပျံသန်းလေ့ကျင့်မှု ဒုတိယအဆင့်ကို ယခုနှစ် မတ် ၇ ရက်မှ ၁၈ ရက်ထိ ထိုင်းနိုင်ငံ ကိုရက်လေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ယင်းလေ့ကျင့်ပျံသန်းမှုတွင် ထိုင်း၊ စင်ကာပူနှင့် အမေရိကန်လေတပ်များမှ လေယာဉ် ၈၇ စင်း၊ မြေပြင်အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးစနစ် ၄၈ ခုနှင့် တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀ ခန့် ပါဝင်လုပ်ဆောင်ကြသည်။

ယင်းလေ့ကျင့်မှုတွင် စင်ကာပူလေတပ်မှ ဟာရွန် ၁ အမျိုးအစား မောင်းသူမဲ့လေယာဉ်နှင့် ဘက်စုံသုံးရေဒါစနစ်ကိုလည်း ပထမဆုံးအကြိမ် ထည့်သွင်းလေ့ကျင့်ခဲ့ကြောင်း သတင်းတွင် ဖော်ပြ သည်။

**ဆင်ဟွာ။**

□□

## ယူအေအီးလေယာဉ်တစ်စင်း ရုရှားနိုင်ငံတွင် ပျက်ကျမှုကြောင့် ၆၂ ဦးသေဆုံး

**မော်စကို မတ် ၁၉**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ ဖလိုင်းဒူဘိုင်းခရီးသည်တင်လေယာဉ်တစ်စင်းသည် ရုရှားနိုင်ငံတောင်ပိုင်းတွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသွားသူ ၆၂ ဦးစလုံးသေဆုံးသွားခဲ့သည်။

ဘိုးရင်း ၇၃၇ အမျိုးအစားလေယာဉ်သည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ စနေနေ့တွင် ထွက်ခွာပျံသန်းလာပြီး ရုရှားနိုင်ငံ ရိုစတော့ဗ်အွန်ဒွန်မြို့ရှိလေဆိပ်သို့ ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ အရေးပေါ်အခြေအနေရေးရာဝန်ကြီးဌာနက အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၅၅ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးလိုက်ပါလာသည်ဟု ပြောကြားသည်။

လေယာဉ်သည် လေယာဉ်ပြေးလမ်းကြောင်းအနီး ပျက်မကျမီက လေဆိပ်ပေါ်တွင် ပတ်ချာလှည့်ပျံသန်းနေခဲ့သည်ဟု ဆိုသည်။ ရုရှားစုံစမ်းစစ်ဆေးရေးသမားများက လေပြင်းတိုက်ခိုက်မှုများကြောင့် ပျက်ကျခြင်းဖြစ်ဖွယ်ရှိသည်ဟု သံသယရှိနေကြသည်။

**အင်န်အိတ်ချ်ကေ။**



ဖလိုင်းဒူဘိုင်းခရီးသည်တင်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

# စားသုံးသူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ တိုင်ကြားမှုများပြုလုပ်နိုင်

သတင်းဆောင်းပါး - ရဲခေါင်ညွန့်

**ရန်ကုန် မတ် ၁၉**

စားသုံးသူများ၏အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်၊ စားသုံးသူပြည်သူများ အသုံးပြုနေသည့် စားသုံးကုန်၊ သုံးစွဲမှီဝဲနေသည့် ဆေးဝါးအစားအသောက်များနှင့် သက်ဆိုင်သည့် ဗဟုသုတများရရှိစေရန်နှင့် ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် မတရားအနိုင်ကျင့်မှုများနှင့် နစ်နာဆုံးရှုံးမှုများ သိရှိနိုင်ရန်အတွက် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတွင် "ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့" ကျင်းပမည်ဖြစ်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က ပြောသည်။

အဆိုပါ ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မတ် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီးပွား၊ ကူးသန်းရုံးတွင် ကျင်းပမည်ဖြစ်ကြောင်း မတ် ၁၈ ရက်က ပြုလုပ်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ အထိမ်းအမှတ်ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က "ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကို မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ် ပြုလုပ်တာပါ။ စားသုံးသူအခွင့်အရေးဆိုတာကို ပြည်သူတွေအနေနဲ့သိရှိမှု နည်းပါးနေသေးတယ်။ ၂၀၁၄ ခုနှစ်မှာ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ထွက်လာပေမယ့် ပြည်သူတွေရဲ့ အခွင့်အရေးဖြစ်တဲ့ စားသုံးသူအတွက် အခွင့်အရေးကိုသိတဲ့သူ သိပ်မရှိသေးဘူး။ ကျွန်တော် တို့ဆီမှာ စားသုံးသူအခွင့်အရေးနဲ့ ပတ်သက်ပြီး စားသုံးသူတွေအနေနဲ့ ဗဟုသုတတွေ၊ အသိပညာတွေရှိရင်၊ ကုန်ထုတ်သူတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေကို လိုက်နာမယ်ဆိုရင် အများကြီး ပပျောက်သွားမယ်လို့ ယူဆပါတယ်။ စားသုံးသူတွေဖြစ်တဲ့ မြန်မာနိုင်ငံသား ပြည်သူတစ်ရပ်လုံး တန်းတူညီမျှ ရရှိခံစားနိုင်စေရန်အတွက် မြန်မာနိုင်ငံသားအားလုံး အမျိုးသားရေးအသွင်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်"ဟု ပြောသည်။

စားသုံးသူအခွင့်အရေးနေ့သည် ၁၉၆၂ ခုနှစ် မတ် ၁၅ ရက်တွင် နိုင်ငံတကာစားသုံးသူများ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် စည်းလုံးညီညွတ်မှုကို အကြောင်းပြု၍ အမေရိကန်နိုင်ငံသမ္မတ ဂျွန်အက်မ်ကနေဒီမှ စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဂျွန်အက်မ်ကနေဒီသည် စားသုံးသူများ၏ အခွင့်အရေးနှင့် အခြေခံမှုအဖြစ် ဘေးဥပဒ်အန္တရာယ်ကင်းစွာ စားသုံးနိုင်ခွင့်၊ မိမိစိတ်ကြိုက် ရွေးချယ်နိုင်ခွင့်၊ သတင်းအချက်အလက်ပြည့်စုံစွာရရှိနိုင်ခွင့်၊ တိုးတက်နေသည့် ဝန်ဆောင်မှုများအား ကြားနာသိရှိနိုင်ခွင့် လေးချက်ကို ကြေညာပြီးနောက် နောက်တိုးလေးချက်အား ဆက်လက်ကြေညာခဲ့ကြောင်းနှင့် ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် စားသုံးသူများ၏ အခွင့်အရေးနှင့် ပတ်သက်၍ အခြေခံလမ်းညွှန်မှုများ အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။



စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ကျင်းပရခြင်းနှင့်ပတ်သက်၍ "စားသုံးသူအတွက် အခွင့်အရေးရအောင် ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဆီမှာ ဥပဒေရှိမှရပါမယ်။ ဒါကြောင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီးပါပြီ။ စားသုံးသူတွေအတွက် အခွင့်အရေးပေးထားတဲ့ ဥပဒေရှိပေမယ့် စားသုံးသူတွေကို အသိပေးနိုင်မှုနည်းပါးတဲ့အတွက် ပြည်သူများပိုမိုသိရှိစေဖို့ ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ အခမ်းအနားကျင်းပဖို့လုပ်တာပါ။ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေက ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုဆောင်ရွက်ပေးထားပေမယ့် ပြည်သူ့ဘက်ကလည်း ပြည်သူတွေရဲ့ အခွင့်အရေးကို သိရှိနိုင်ရန် လိုအပ်ပါတယ်"ဟု ဆိုသည်။

စားသုံးသူအခွင့်အရေးများနှင့် ပတ်သက်၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ ဗဟုသုတတိုးစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၃ ခုနှစ် မေလ ၁ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကို ဖွင့်လှစ်ခဲ့ပြီး အဆိုပါဌာနအောက်တွင် စားသုံးသူအကာအကွယ်ပေးရေးဌာနခွဲများအား ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ခုနှစ် ဧပြီ ၁ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရန်ဖွဲ့စည်းခဲ့သည့် စားသုံးသူ အကာအကွယ်ပေးရေးဌာနခွဲများသည် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအမည်ဖြင့် လုပ်ငန်းတာဝန်များအား လွှဲပြောင်းရယူ၍ စတင်ဆောင်ရွက်ခဲ့သည်။

စားသုံးသူများအခွင့်အရေးအတွက် လုပ်ဆောင်သင့်သည်နှင့်ပတ်သက်၍ ဦးဦးဟန်က "ကျွန်တော့်အနေနဲ့ကတော့ ပထမအဆင့်အရေးယူမှုမသွားခင် အသိပညာပေးမှုတွေ လုပ်ရမယ်။ နောက်တိုင်ကြားမှုတွေလုပ်မယ်။ သတင်းပေးမယ် ဆိုရင် မဟုတ်မမှန်တာလုပ်တဲ့သူတွေ နောက်ဆုတ်သွားမယ်။ မှန်ကန်လာမယ်။ ဒါဆို အချိန်တိုအတွင်းမှာ အမြန်ဆုံး တိုးတက်မှုတွေရှိလာမယ်လို ယုံကြည်ပါတယ်"ဟု ပြောသည်။

စားသုံးသူကာကွယ်ရေးဥပဒေအရ စားသုံးသူဘက်မှ နစ်နာသည်ဟုယူဆ၍ တိုင်ကြားလိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရုံးများနှင့် အဆိုပါအဖွဲ့အောက်ရှိ စားသုံးသူတိုင်ကြားမှု လက်ခံရေးကော်မတီတို့တွင် နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားနိုင်သည်။

စားသုံးသူတစ်ယောက်အနေဖြင့် ဖြစ်စဉ်၊ နေ့ရက်၊ အချိန်နှင့် ဓာတ်ပုံအထောက်အထားရှိပါက ဓာတ်ပုံဖြင့် မိမိ၏ဆုံးရှုံးနစ်နာမှုအား အထောက်အထားခိုင်လုံစွာ တင်ပြတိုင်ကြားပါက တိုင်ကြားမှုကော်မတီမှ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့တင်ပြကာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သည်။

တိုင်ကြားမှုများအား စားသုံးသူကာကွယ်ရေးဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်နှင့် ရဲစခန်းသို့ တိုင်ကြား၍ ချမှတ်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်ဟူ၍ နှစ်မျိုးခွဲထားသည်။

စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အနေဖြင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကချမှတ်သည့် ပြစ်ဒဏ်များမှာ လုပ်ငန်းရှင်အား ပြင်းထန်စွာ သတိပေးခြင်း၊ လျော်ကြေးတောင်းခြင်း၊ ကုန်ပစ္စည်းဖြန့်ချိမှု ရပ်ဆိုင်းခြင်း၊ ဈေးကွက်အတွင်းရှိ ကုန်စည်များအား ဖျက်သိမ်းခြင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းများနှင့် လိုင်စင်ရုပ်သိမ်းသည်အထိ အရေးယူမှုများ ပြုလုပ်နိုင်သည်။

ရဲစခန်းသို့ ကိုယ်တိုင်သွားရောက်တိုင်ကြား၍ ချမှတ်သည့် ပြစ်မှုနှင့်ပြစ်ဒဏ်မှာ စုံစမ်းစစ်ဆေးရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများပြေးပါက လုပ်ငန်းရှင်အား ထောင်ဒဏ်သုံးနှစ်မှ ဒဏ်ငွေကျပ်သိန်း ၅၀ အထိ ချမှတ်နိုင်သည်။

# မြန်မာနိုင်ငံအတွင်း Volvo ကားသစ်များ ဝင်ရောက်တော့မည်

**ရန်ကုန် မတ် ၁၉**

အရှေ့တောင်အာရှဒေသတွင်း မြန်မာနိုင်ငံ၌ ပထမဆုံး ဥရောပနိုင်ငံ ထုတ် Volvo အမှတ်တံဆိပ်နောက်ဆုံးပေါ် မော်ဒယ်ကားများကို စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

Volvo Car Group နှင့် မြန်မာ နိုင်ငံသားပိုင်ကုမ္ပဏီနှစ်ခုတို့ အကျိုးတူပူးပေါင်းထားသောPerformance Auto International Co., Ltd. ကို မြန်မာနိုင်ငံအတွင်း Volvo ကားများ တင်သွင်းဖြန့်ချိရောင်းချသူအဖြစ် ခန့်အပ်လိုက်ပြီး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကို ယမန်နေ့ နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

PAI ကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာ Mr.Temmy Wiradjaja က "ကျွန်တော်တို့ အနေနဲ့ Volvo ကုန်အမှတ်တံဆိပ် ကို မြန်မာနိုင်ငံမှာ ကိုယ်စားပြုခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ သုံးစွဲသူတိုင်း Volvo ကားရဲ့ အကောင်းဆုံးအတွေ့အကြုံကို ရရှိ ခံစားရစေမယ်လို့ ကျွန်တော်တို့ ကတိပြုပါတယ်" ဟု ပြောသည်။

Volvo Car Centre ကို ရန်ကုန်မြို့ အမှတ် ၁၄၆(က) ဓမ္မစေတီလမ်း၌ လာမည့် စက်တင်ဘာလ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သီရိလင်္ကာနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း တရားဝင် Volvo စင်တာများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Volvo ကို ၁၉၂၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယနေ့တွင် တစ်ကမ္ဘာလုံး နိုင်ငံပေါင်း ၁၀၀ ခန့် တွင် ကားစီးရေ ငါးသိန်းကျော် ရောင်းချကာ လူသိအများဆုံးနှင့် အနှစ်သက်ခံရဆုံး အမှတ်တံဆိပ် တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ကားတင်သွင်းခြင်းဥပဒေများ ဖြေလျှော့မှုပေးခဲ့ပြီး နောက်ပိုင်း မြန်မာနိုင်ငံ၌ ကားဈေးကွက်အတွင်း နိုင်ငံတကာမှ နာမည်ကျော်ဇိမ်ခံကားမျိုးစုံ အလျင်အမြန်ဝင်ရောက်ထိုးဖောက်လျက်ရှိကြောင်း သိရသည်။

**(ဝင်းဝင်းမော်)**



# ရေစကြိုမြို့၌ အယ်နီညိုဖြစ်စဉ်သတိပေးဆိုင်းဘုတ်နှင့် LED ဘုတ် စိုက်ထူထား

**ရေစကြို မတ် ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းပြီး ရေစကြိုမြို့အဝင် လမ်းဆုံတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူဒဏ်ကို ကာကွယ်နိုင်ရန်အတွက် အသိပေးနှိုးဆော်ချက်များကိုအချိန်နှင့်တစ်ပြေးညီ ပြည်သူများသိရှိ လိုက်နာဆောင်ရွက်နိုင်ရန် အသိပေး နှိုးဆော်ချက်များရေးသားထားသည့် ဗီနိုင်းဆိုင်းဘုတ်နှင့် LED ဘုတ်တို့ကို စိုက်ထူထားကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ရာသုံးမျိုး တည်ဆောက်ငှားရမ်း၊ ရောင်းချပေးလျက်ရှိ

**စစ်ကိုင်း မတ် ၁၉**

ဝန်ထမ်းများ ငှားရမ်းနေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ၊ အခြေခံလူတန်းစားများ၊ အလယ်အလတ်လူတန်းစားများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြေချနေထိုင်မည့်ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများကို ငှားရမ်းပေးမည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်း အိမ်ရာများ၊ တိုင်းဒေသကြီးအတွင်း အခြေချနေထိုင်သည့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ပြည်သူများဝယ်ယူနိုင်သည့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ မုံရွာမြို့တွင် အိမ်ခန်းပေါင်း ၃၆၀ ရှိ ဝန်ထမ်းအိမ်ရာ အခန်း ၃၆၀ ၊ စစ်ကိုင်းမြို့တွင် ၃၂၂ ခန်းရှိ အိမ်ရာ ၃၂ လုံး၊ ရွှေဘိုမြို့တွင် ၁၇၆ ခန်းရှိ အိမ်ရာ ၁၁ လုံး၊ ခန္တီးမြို့တွင် ၆၂ ခန်းရှိ အိမ်ရာ ၁၇ လုံး၊ လဟယ်မြို့တွင်၃၂ ခန်းရှိ အိမ်ရာ လေးလုံး၊ ကလေးမြို့တွင် ၉၆ ခန်းရှိ အိမ်ရာ ခြောက်လုံး၊ တမူးမြို့တွင် ၃၂ ခန်းရှိ အိမ်ရာ နှစ်လုံး၊ ယင်းမာပင်မြို့တွင် ၃၂ ခန်းရှိ အိမ်ရာ နှစ်လုံး၊ ကသာမြို့တွင် ၆၄ ခန်းရှိ အိမ်ရာ လေးလုံး၊ မော်လိုက်မြို့တွင် ၃၂ ခန်းရှိ အိမ်ရာ နှစ်လုံးနှင့် ကန့်ဘလူမြို့တွင် ၆၄ ခန်းရှိ အိမ်ရာ လေးလုံး စုစုပေါင်းအိမ်ခန်းပေါင်း ၁၂၇၂ ခန်းရှိ အိမ်ရာ ၁၀၆ လုံး ဆောက်လုပ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရွှေဝင်းထံမှ သိရသည်။

ဝန်ထမ်းများအား အိမ်ရာများတွင် နေရာချထားမှုအနေဖြင့် အိမ်ခန်းချထားရေးမူဝါဒ ၉ ရပ် သတ်မှတ်ပြီး အိမ်ခန်းနေရာချထားရေးကော်မတီမှ ဌာနအလိုက် အိမ်ထောင်သည် အရာထမ်း၊ အမှုထမ်းဝန်ထမ်း အင်အားအပေါ်မူတည်၍ အိမ်ခန်းများကို အချိုးကျနေရာချထားပေးလျက်ရှိသည်။ အိမ်ခန်းနေရာချထားခံရသူများအနေဖြင့် တစ်လငှားရမ်းခကို အရာထမ်းများအနေဖြင့် လစာ၏ ငါးရာခိုင်နှုန်း၊ အမှုထမ်းများအနေဖြင့် လစာ၏ သုံးရာခိုင်နှုန်းဖြင့် လစဉ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပေးသွင်းသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# အာရှရုပ်ရှင်ဆုပေးပွဲမှာ ဆုအများဆုံးရရှိခဲ့တဲ့ "The Assassin"




တရုတ်သိုင်းရုပ်ရှင် "The Assassin"ဟာ ပြီးခဲ့တဲ့ ကြာသပတေးနေ့ ညပိုင်းက ကျင်းပခဲ့တဲ့ အာရှရုပ်ရှင်ဆုပေးပွဲ (Asian Film Awards)မှာ အကောင်းဆုံးရုပ်ရှင်ဆုနဲ့ ဒါရိုက်တာဆုအပါအဝင် ဆုပေါင်းရှစ်ဆုရရှိခဲ့ရာ ယခုနှစ်အတွက် အာရှရုပ်ရှင်ဆုပေးပွဲမှာ ဆုအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်ကြောင်း ဒဘလျူအက်စ်ဘရက်ဒီရိုဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ ရုပ်ရှင်ဟာ အမျိုးသမီးတိုက်ခိုက်ရေးသမားတစ်ဦးရဲ့ အချစ်နဲ့ တာဝန်အကြား လွန်ဆွဲမှုတွေကို ရိုက်ကူးတင်ဆက်ထားတဲ့ တိုက်ခိုက်ရေးအသားပေးရုပ်ရှင်တစ်ခုဖြစ်ကာ ယင်းရုပ်ရှင်မှာပါဝင်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသမီးဂျူးယန်းဟာလည်း ယခုနှစ်အတွက် အကောင်းဆုံးဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ယင်းရုပ်ရှင်ဟာ ပြီးခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ ကန်းစ်ရုပ်ရှင်ပွဲတော်မှာလည်း အကောင်းဆုံးဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

တောင်ကိုရီးယားထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီဗြောင်ဟွန်းက ယင်းဆုပေးပွဲမှာ အကောင်းဆုံးသရုပ်ဆောင်ဆုကို နိုင်ငံရေးရုပ်ရှင် "Inside Men"နဲ့ ရရှိခဲ့ပြီး ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားစဉ်မှာ မင်းသားက သူ့ရဲ့ဇနီးနဲ့သားလေးကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားသွားခဲ့တယ်လို့ အဆိုပါ မီဒီယာက ဖော်ပြခဲ့ပါတယ်။

အာရှရုပ်ရှင်ဆုပေးပွဲကြီးဟာ စတင်ကျင်းပခဲ့သည့်နှစ်မှစတင်ပြီး တစ်နှစ်တာအတွင်း ထွက်ရှိသမျှသော အာရှရုပ်ရှင်များအနက် အရည်အသွေးအကောင်းဆုံးသော အနုပညာလက်ရာတွေနဲ့ ထူးချွန်တဲ့ အနုပညာရှင်တွေကို ဆုများရွေးချယ်ပေးအပ်ခဲ့သည်မှာ ယခုနှစ်မှာတော့ ဆယ်စုနှစ်တစ်နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

# လက်ထပ်ပွဲကို ရွှေ့လိုက်တဲ့ အစ်ဂီအဇဲလီယာနဲ့ နစ်ခ်ယန်း



အသက် (၂၅)နှစ်အရွယ် ဩစတြေးလျနိုင်ငံသား ရက်ပ် အဆိုတော် အစ်ဂီအဇဲလီယာနဲ့ သူ့ရဲ့စေ့စပ်ထားတဲ့ သတို့သားလောင်းဘက်စကတ်ဘောကစားသမား နစ်ခ်ယန်းတို့ဟာ မင်္ဂလာပွဲကျင်းပဖို့စီစဉ်ထားခဲ့တာကို အချိန်ရွှေ့ဆိုင်းလိုက်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ကျင်းပခဲ့တဲ့ နစ်ခ်ယန်းရဲ့ အသက် (၃၀)ပြည့်မွေးနေ့ပါတီမှာ တရားဝင်စေ့စပ်ခဲ့ကြပါတယ်။ အဲဒီနောက် မင်္ဂလာပွဲအတွက် ပြင်ဆင်မှုတွေပါ ပြုလုပ်ခဲ့ကြတာပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ သောကြာနေ့က ရေဒီယိုအင်တာဗျူးအစီအစဉ်တစ်ခုမှာ အစ်ဂီက သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေကြောင့် ယခုစီစဉ်ထားတဲ့ မင်္ဂလာပွဲရဲ့အစီအစဉ်တော်တော်များများကို ရွှေ့ဆိုင်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါအင်တာဗျူးမှာ အစ်ဂီက "အစက ကျွန်မတို့ရဲ့မင်္ဂလာပွဲကို ဒီနှစ်ကုန်မှာ ကျင်းပဖို့ စီစဉ်ထားတာပါ။ ဒါပေမယ့် ကျွန်မရဲ့အလုပ်ကိစ္စတွေပေါ်လာတော့ မင်္ဂလာပွဲကို ဒီနှစ်ဘက်စကတ်ဘောရာသီအကုန်အထိ ရွှေ့ဆိုင်းသွားဖို့ အလားအလာရှိပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

အစ်ဂီဟာ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေကို လာမယ့် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလတွေအတွင်း ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ လတ်တလောမှာ အစ်ဂီဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇွန်လအတွင်း အပြီးသတ်ထုတ်လွှင့်နိုင်ရေးအတွက် အလုပ်များလျက်ရှိပြီး ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Team"ကိုလည်း ပြီးခဲ့တဲ့သောကြာနေ့က စတင်ထုတ်လွှင့်ခဲ့ကြောင်း သိရပါတယ်။



# CL ရဲ့ ပထမဦးဆုံးသော အမေရိကန်တေးအယ်လ်ဘမ် မကြာမီထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "2NE1"မှ အဖွဲ့ဝင် CL ဟာ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပြီးခဲ့တဲ့နှစ်အတွင်းကစတင်ကာ အမေရိကန်နိုင်ငံသို့ ကူးချည်သန်းချည် သွားရောက်အသံသွင်းလျက်ရှိရာ ယင်းတေးအယ်လ်ဘမ်ဟာ လတ်တလောအချိန်မှာတော့ ပြီးဆုံးလုနီးပါးဖြစ်နေပြီဖြစ်ကာ မကြာမီ ထုတ်လွှင့်နိုင်တော့မှာဖြစ်ကြောင်း ကေပေ့ါပ်စတားဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ CL ဟာ အမေရိကန်နိုင်ငံသို့ ရောက်ရှိနေပြီး သူ့ရဲ့တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် ခေါင်းစီးတေးရဲ့ တေးဗီဒီယိုကို အဆုံးသတ်ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။

CL ဟာ ပြီးခဲ့တဲ့တစ်နှစ်ကျော်ကာလအတွင်း အမေရိကန်တေးထုတ်လုပ်သူ စကူတာဘရန်းဒ်နဲ့ တေးအယ်လ်ဘမ်သစ်အတွက် တေးသီချင်းများ ရိုက်ကူးအသံသွင်းခဲ့ကာ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က တေးသီချင်းသစ် "Hello Bitches"ရဲ့ တေးဗီဒီယိုကို ထုတ်လွှင့်ခဲ့ရာ အလွန်အောင်မြင်ခဲ့ပါတယ်။

# တောင်ကိုရီးယားအနုပညာကြယ်ပွင့် စုံတွဲသစ် ပါ့ခ်မင်ဂျီနဲ့ ယွန်းဆန်းဟွန်





တောင်ကိုရီးယားရဲ့ လူငယ်သရုပ်ဆောင်တစ်ဦးအဖြစ်မှ ခေါင်းဆောင်မင်းသမီးတစ်ဦး ဖြစ်လာတဲ့ မင်းသမီးပါ့ခ်မင်ဂျီနဲ့ တောင်ကိုရီးယားအမျိုးသား ပေ့ါပ်တေးဂီတအဖွဲ့ "Thornapple"မှ အဆိုတော်တစ်ဦးဖြစ်တဲ့ ယွန်းဆန်းဟွန်တို့ဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Cheese in the Trap"နဲ့ အောင်မြင်မှုတွေရရှိနေတဲ့ အသက် (၂၈)နှစ်အရွယ် မင်းသမီး ပါ့ခ်မင်ဂျီနဲ့ အဆိုတော် ယွန်းဆန်းဟွန်တို့နှစ်ဦးဟာ ချစ်သူတွေဖြစ်နေကြသည်မှာ တစ်နှစ်ခန့်ပင်ရှိသွားပြီဖြစ်ကြောင်း သူတို့နှစ်ဦးနဲ့ ရင်းနှီးသူတစ်ဦးက မီဒီယာတွေကို ဖွင့်ဟခဲ့တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးရဲ့ အေဂျင်စီတွေကလည်း မတ် ၁၇ ရက်က အဆိုပါသတင်းကို အတည်ပြုပြောကြားခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ သူငယ်ချင်းတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြရာမှ ချစ်သူတွေဖြစ်ခဲ့ကြတာ လတ်တလောမှာ သူတို့ကြားက ဆက်ဆံရေးဟာ ပိုမိုခိုင်မာလာခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။

ပါ့ခ်မင်ဂျီဟာ "Jenny, Juno" ရုပ်ရှင်နဲ့ အနုပညာလမ်းကြောင်းပေါ်မှာ အောင်မြင်မှုတွေ စတင်ရရှိလာခဲ့ကာ လတ်တလောအချိန်အထိ ရုပ်ရှင်နဲ့ဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ အနုပညာရှင်တစ်ဦး ဖြစ်ပါတယ်။

**အေးပြည့်-စုစည်းဖော်ပြသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀ - ၃ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Business News
၈း၃၅ အောင်မြင်သူနှင့်အတူ (Feel စားသောက်ဆိုင်ပိုင်ရှင် စိုးညီညီနှင့် တွေ့ဆုံခြင်း)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ ကဗျာရိပ်မြုံ "ပိုးစုန်းကြူး"
၁၁း၁၅ လူငယ်လူရွယ်များ ကျန်းမာဖွံ့ဖြိုးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး
၁၁း၃၅ ချစ်သော၌ကမ္ဘာမြေ
၁၂း၃၅ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၂း၅၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "တိုက်ပွဲခေါ်သံ" (သီဟတင်စိုး၊ မင်းဦး၊ ညွန့်ဝင်း၊ ဇော်လင်း၊ ဇင်မာဦး၊ ဆွေဇင်ထိုက်)(ဒါရိုက်တာ-မောင်တင်ဦး)
၃း၃၅ Business News
၄း၁၅ "အောင်မြင်မှုရဲ့ တေးသံဆည် တော်ကြီးဘက်စုံရေလှောင်တမံ"
၄း၃၅ ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
၅း၁၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "လူးရတနာသိုက်"
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၇း၁၅ တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးသီချင်းများ (အပိုင်း-၂)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ "ချိန်ခါမရွေး အန္တရာယ်ပေး သတိပြုပါမနေး"
၉း၀၀ ပြည်တွင်းသတင်း -Tasty Trip -ဆိုကြမယ်၊ ပျော်ကြမယ်

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -IT နည်းပညာနှင့် ဈေးကွက်စီးပွားရေး
၆း၃၀ တေးဂီတအစီအစဉ်
၇း၀၀ အမေရေယဉ်နတ်ပွဲ(အပိုင်း-၁)
၇း၂၀ နိုင်ငံခြားရုပ်ရှင် "Iron Mam"
၉း၂၀ တေးဂီတအစီအစဉ်
၉း၄၀ မြန်မာရုပ်ရှင် "အငိုမျက်လုံးအပြုံး မျက်နှာ"
၁၂း၀၀ အစီအစဉ်ပြီး၏ ။

**ည(၁၀း၃၀)**

**- Live "English Premier League "Tottenham Vs AFC Bournemouth**

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း" တရားတော် (အပိုင်း-၅) [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၇)
၇း၅၀ Ocean Super Center (မော်လမြိုင်) ဖွင့်ပွဲအခမ်းအနား
၉း၀၀ Weekly Sports Diary
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၆)
၁၀း၂၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ Star တို့ရဲ့လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၉+၅၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ(အပိုင်း-၁)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇)
၃း၅၀ ၂၀၁၅ခုနှစ် ရုံတင်ဇာတ်ကားများအား ပြန်လည်ခံစားခြင်း
၅း၄၅ ပရိမီယာချစ်သူများရဲ့ ရင်ခုန်သံ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၈)
၇း၂၅ Fashion Week
၇း၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ(အပိုင်း-၂)]
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၇)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၅၁+၅၂)
၀၀း၅၅ MRTV-4 Stage
၂း၄၅ Weekly Sports Diary
၃း၃၅ လွန်းတင်သည့်ကြိုး
၃း၅၅ World of Knowledge (The Kung Fu Dragons of Wudang)
၄း၄၀ တန်ခိုးကြီးမား ဘုရားစေတီများ (ထားဝယ်မြို့ရှိ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လမ်းသစ်ဖောက်သူ
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၄၅)
၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၁၁) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - (၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် ငါတို့သည် (ပဥ္စမပိုင်း) ထွန်းထွန်းဝင်း၊သိင်္ဂီထွန်းနှင့် သရုပ်ဆောင်များ ဒါရိုက်တာ မိုးဇော်ကို

| မတ် ၂၀/၂၁ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်(၃၁)** | | |
| ဆောက်သမ်တန် | လီဗာပူး | ည-၈း၀၀ |
| နယူးကာဆယ် | ဆန်းဒါးလန်း | ည-၈း၀၀ |
| စပါး | ဘုန်းမောက် | ည-၁၀း၃၀ |
| မန်စီးတီး | မန်ယူ | ည-၁၀း၃၀ |
| **လာလီဂါ ပွဲစဉ်(၃၀)** | | |
| အက်စ်ပန်ညို | ဘီဘာအို | ညနေ-၅း၃၀ |
| ဗီလာရီးယဲလ် | ဘာစီလိုနာ | ည-၉း၃၀ |
| ဗလင်စီယာ | ဆဲလ်တာဗီဂို | ည-၁၁း၄၅ |
| ရီးယဲလ်မက်ဒရစ် | ဆီဗီလာ | နံနက်-၂း၀၀ |
| **စီးရီးအေ ပွဲစဉ်(၃၀)** | | |
| အတ္တလန်တာ | ဘိုလော့နာ | ည-၆း၀၀ |
| ဗီရိုနာ | ကာပီ | ည-၈း၃၀ |
| ဆမ်ဒိုးရီးယား | ချီယေဗို | ည-၈း၃၀ |
| ဖရိုဆီနုံနီ | ဖီအိုရင်တီးနား | ည-၈း၃၀ |
| တိုရီနို | ဂျူဗင်တပ် | ည-၈း၃၀ |
| ဆာဆူအိုလို | အူဒီးနီးစ် | ည-၈း၃၀ |
| နာပိုလီ | ဂျီနိုအာ | ည-၁၁း၃၀ |
| အေစီမီလန် | လာဇီယို | နံနက်-၂း၁၅ |
| **ဘွန်ဒက်လီဂါ ပွဲစဉ်(၂၇)** | | |
| စတုဂတ် | လေဗာကူဆင် | ည-၉း၀၀ |
| အော့စ်ဘတ် | ဒေါ့မွန် | ည-၁၂း၀၀ |

**မောင်မောင်ဇော်**

# မန်ချက်စတာဒါဘီမှာမန်ယူအတွက် အသက်တမျှအရေးကြီးနေကြောင်း ဗန်ဟားလ်ဝန်ခံ




မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ရမည့် မန်ချက်စတာဒါဘီပွဲစဉ်မှာ မန်ယူအသင်းအတွက် အသက်တမျှ အရေးကြီးနေသော ပွဲဖြစ်ကြောင်း မန်ယူနည်းပြ ဗန်ဟားလ်က ဝန်ခံပြောကြားလိုက်သည်။ အီးတီးဟက်ဒ်ကွင်းတွင် ယှဉ်ပြိုင်ရမည့် ယင်းပွဲစဉ်၌ မန်ယူအနေဖြင့် ရှုံးပွဲကြုံရလျှင်ထိပ်တန်းလေးနေရာအတွင်း ဝင်ရောက်ရေး မျှော်လင့်ချက်လုံးဝအဆုံးသတ်သွားမည်ဖြစ်ကြောင်း ဗန်ဟားလ်က မန်ယူကစားသမားများအား သတိပေးစကားပြောကြားထားပြီးဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိတွင် စတုတ္ထနေရာမှ မန်စီးတီးအသင်းနှင့် ရမှတ်လေးမှတ်ကွာဟနေပြီး ယင်းဒါဘီပွဲက မန်ယူနှင့်မန်စီးတီးတို့ကြား ရမှတ်ကွာဟမှု ထပ်မံကြီးမားသွားမည်ကို ဗန်ဟားလ်က စိုးရိမ်နေခြင်းဖြစ်သည်။

"မန်စီးတီးသာ မဟုတ်ဘဲ ဝက်စ်ဟမ်းအသင်းကလည်း ကျွန်တော်တို့အသင်းရဲ့အထက်မှာ ရပ်တည်နေတဲ့ အသင်းဖြစ်လို့ ဒီဒါဘီပွဲက မန်ယူအတွက် သေရင်မြေကြီး ရှင်ရင်ရွှေထီးဆိုတဲ့ အနေအထားပါ။ တကယ်လို့ ကျွန်တော်တို့အသင်းရှုံးခဲ့ရင် မန်စီးတီးနဲ့ ခုနစ်မှတ်အထိကွာသွားမှာကြောင့် ဒီလိုမျိုးအဖြစ်မခံနိုင်ပါဘူး။ တကယ်တော့ ကျွန်တော်မျှော်မှန်းတာက တတိယနေရာနဲ့ ရာသီသိမ်းဖို့ပါ"ဟု ဗန်ဟားလ်က ဂိုးလ်ဒေါ့ကွန်းသို့ ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည်လည်း လက်ရှိတွင် ဇယားထိပ်မှ လက်စတာအသင်းနှင့် ရမှတ် ၁၂ မှတ်အထိကွာဟနေသော်လည်း ပရီမီယာလိဂ် ချန်ပီယံဆုအတွက် လက်မလျှော့သေးကြောင်း မန်စီးတီးနည်းပြပယ်လီဂရီနီက ပြောကြားထားသည်။ ယခုနောက်ပိုင်းနှစ်များတွင် မန်ယူအသင်းသည် မန်စီးတီး၏အိမ်ကွင်း အီးတီးဟက်ဒ်သို့ သွားရောက်ယှဉ်ပြိုင်တိုင်း ရလဒ်မကောင်းတတ်ဘဲ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းမှာ မန်ယူအတွက် နောက်ဆုံးအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

**(မေလှဲ့သင်း)**



## ဒေါ့မွန်လူငယ်ကစားသမား ဂျူလီယံဝီးလ်အား ခေါ်ယူရန် မန်စီးတီးပစ်မှတ်ထားနေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဂျာမနီလူငယ်ကစားသမား ဂျူလီယံဝီးလ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းက ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ မန်စီးတီးအသင်းသည် နည်းပြဂွါဒီယိုလာမရောက်ခင်ကတည်းက ဂျူလီယံဝီးလ်အား ခေါ်ယူရန်ပစ်မှတ်ထားခဲ့သော်လည်း အီတီဟက်ဒ်သို့ ဂွါဒီယိုလာ ရောက်လာမှသာ အတည်ပြုနိုင်မည်ဟုလည်း သတင်းများထွက်ပေါ်နေသည်။

အသက်(၂၀)အရွယ်ရှိ လူငယ်ကစားသမား ဂျူလီယံဝီးလ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လက်ရှိစာချုပ်မှာ ၂၀၁၉ ခုနှစ်ရောက်မှ ကုန်ဆုံးမည်ဖြစ်သည်။ သို့ရာတွင် ဂျူလီယံဝီးလ်၏ လိမ္မာပါးနပ်သောဘောလုံးဖြတ်ကျော်မှု၊ ဘောလုံးထိန်းသိမ်းနိုင်မှုတို့က မန်စီးတီးအသင်း၏ စိတ်အာရုံကို ဖမ်းစားထားနိုင်ခဲ့ပြီး မန်စီးတီးအသင်း၏ ပစ်မှတ်ထားခြင်းကိုလည်း ခံထားရသူဖြစ်သည်။

ဂျူလီယံဝီးလ်အား မန်စီးတီးအသင်းအပြင် စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိအသင်းကြီးတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ထိုသို့ မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့က စိတ်ဝင်စားနေသော်လည်း ဒေါ့မွန်အသင်းကမူ ဂျူလီယံဝီးလ်အား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားထားသည်။

## ဝေလအသင်း၏ ခြေစမ်းပွဲစဉ်နှစ်ခု တိုက်စစ်မှူး ဂါရတ်ဘေးလ် လွဲချော်မည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူးဂါရတ်ဘေးလ်သည် မြောက်အိုင်ယာလန်အသင်း၊ ယူကရိန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ဝေလလက်ရွေးစင်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်နှစ်ခုတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးနှင့် ဝက်စ်ဟမ်းနောက်တန်းကစားသမား ဂျိမ်းစ်ကိုယ်လင်တို့သည်လည်း နည်းပြခရစ်ကိုးလ်မန်း၏ ဝေလအသင်းနှင့်အတူ ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ် လက်ရွေးစင်အသင်း၏ ခြေစမ်းပွဲစဉ်နှစ်ခု၌ မပါဝင်လာခြင်းမှာ ဝေလဘောလုံးအဖွဲ့ချုပ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့အကြား ပူးတွဲဆုံးဖြတ်ချက်ဖြစ်ကြောင်းလည်း နည်းပြကိုးလ်မန်းက ဆိုသည်။

ဝေလလက်ရွေးစင်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်နှစ်ခုအဖြစ် ယူကရိန်းအသင်း၏ အိမ်ကွင်းသို့ မတ် ၂၀ ရက်တွင် သွားရောက်ကစားရမည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် မြောက်အိုင်ယာလန်အသင်းအား အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် နိုဝင်ဘာလအတွင်း နယ်သာလန်အသင်းအား ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင်လည်း ဝေလအသင်းနှင့်အတူ ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။ ကွင်းလယ်ကစားသမား အန်ဒီကင်းသည်လည်း ကျန်းမာရေးမကောင်းသဖြင့် လက်စတာစီးတီးအသင်းက နယူးကာဆယ်အသင်းအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်ပြီးနောက် အသင်းတွင် ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

သို့ရာတွင် စပါးနောက်တန်းကစားသမား ဗန်ဒေးဗီးလ်မှာ စပါးအသင်းက ဒေါ့မွန်အသင်းအား ရှုံးနိမ့်ခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော်လည်း ဝေလလက်ရွေးစင်အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်သည်။ ဒဏ်ရာရကစားသမားများ မပါဝင်နိုင်ခြင်းကြောင့် ဝေလအသင်း၏ ကစားသမားစာရင်းအပြောင်းအလဲတစ်ခုအဖြစ် ဆောက်သမ်တန်အသင်းမှ အစ်ဂရုဗ်၊ ဘရိုက်တန်အသင်းမှ အန်ဒရူးခရော့စ်၊ ရီးဒင်းအသင်းမှ ရော့ဆန်ကာနူး၊ ဘာမင်ဂမ်စီးတီးအသင်းမှ ကော့တရီးလ်တို့ကို နည်းပြကိုးလ်မန်း၏ ကစားသမား ၂၆ ဦးစာရင်းတွင် ထပ်မံဖြည့်တင်းလာခဲ့ကြောင်း သိရသည်။

ငွေကြယ် ရေးသားသည်။

# မန်ယူ-လီဗာပူးပွဲမှ နှစ်ဖက်အသင်းပရိသတ်များကြား ပဋိပက္ခဖြစ်စဉ်အား ယူအီးအက်ဖ်အေစွဲချက်တင်မည်

ယူရိုပါလိဂ် ၁၆ သင်းအဆင့်ရှုံးထွက်(ဒုတိယအကျော့)ပွဲစဉ်တွင် မန်ယူ-လီဗာပူးအသင်းပရိသတ်များကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်အတွက် နှစ်သင်းစလုံးအား ယူအီးအက်ဖ်အေမှ စွဲချက်တင်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြသည်။ မန်ယူနှင့်လီဗာပူးအသင်းတို့သည် အင်္ဂလန်၏ အစဉ်အလာအကြီးမားဆုံးပြိုင်ဘက်များဖြစ်သည်နှင့်အညီ နှစ်ဖက်အသင်းပရိသတ်များက မတ်တတ်ရပ်အနေအထားဖြင့် ထိုင်ခုံများအား လွှင့်ပစ်ခြင်း၊ အရာဝတ္ထုများအား ပစ်ပေါက်ခြင်း ပြုလုပ်ခဲ့သောကြောင့် ပွဲကစားနေချိန်အတွင်း မှာပင် လူငါးဦးအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ရသည်။

ပရိသတ်များက မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ပဋိပက္ခအခြေအနေကို ဦးတည်စေသော တေးသီချင်းများကိုသီဆို၍ အုံကြွမှုပုံစံတစ်ရပ်ဖြစ်စေရန် ဦးတည်ကြိုးပမ်းခဲ့သဖြင့် ယူအီးအက်ဖ်အေဘက်မှ စွဲချက်တင်မည်ဟု အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဘေဆယ်လ်မြို့တွင်ကျင်းပမည့် ယူရိုပါလိဂ် ဗိုလ်လုပွဲအပြီး လာမည့်မေ ၁၉ ရက်တွင် ယင်းဖြစ်စဉ်အား ယူအီးအက်ဖ်အေ ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကြားနာစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်သည်။

မန်ချက်စတာမြို့ရဲချုပ် ဂျမ်လင့်ဂျက်က ရဲတပ်ဖွဲ့အနေဖြင့် ယင်းဖြစ်ရပ်အား ဖန်တီးခဲ့သူ လူနည်းစုအား စစ်ဆေးမှုများ ဆက်တိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ပြိုင်ပွဲမယှဉ်ပြိုင်မီ လီဗာပူးပရိသတ်များက အိုးထရက်ဖို့ဒ်ကွင်းသို့ သွားရာလမ်းဖြစ်သည့် ဆော့ဖို့ဒ်အရပ်ရှိ M 602 ကားလမ်းပေါ်တွင် မန်ယူအသင်းအားစော်ကားသည့် စာသားပါစာတန်းများကို ချိတ်ဆွဲခဲ့ရာ ရဲတပ်ဖွဲ့မှ ရှင်းလင်းခဲ့ရသည်။ အန်းဖီးလ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ပထမအကျော့ပွဲစဉ်၌ မန်ယူပရိသတ်များက လီဗာပူးပရိသတ်များအား စိတ်အနှောင့်အယှက်ဖြစ်စေရန် ဟောဘရော့သီချင်းအား သီဆိုခဲ့သော်လည်း ယူအီးအက်ဖ်အေမှ စွဲချက်တင်ခြင်းမရှိခဲ့ပေ။

ယင်းပွဲစဉ်ယှဉ်ပြိုင်နေစဉ်အတွင်း လီဗာပူးလူငယ်ကစားသမား ဂျော်ဒန်ဝီလျံက မြူးနစ်လေယာဉ်ပျက်ကျမှုပုံရိပ်နှင့် အိုးထရက်ဖို့ဒ်ကွင်းအတွင်း လီဗာပူးပရိသတ်များ အောင်ပွဲခံနေသည့် ပုံရိပ်များအားတွဲလျက် တွစ်တာစာမျက်နှာပေါ်တွင် တင်ခဲ့ကြောင်း စွပ်စွဲခံနေရသည်။ ဝီလျံက ထိုသို့ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသော်လည်း အတည်ပြုချက်တစ်ခု ရရှိရန်သာ လိုအပ်တော့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ အခြားတွစ်တာအသုံးပြုသူများကမူ ဝီလျံအနေဖြင့် ၁၉၅၈ ခုနှစ် မြူးနစ်လေယာဉ်ပျက်ကျမှုကြောင့် မန်ယူကစားသမားရှစ်ဦး သေဆုံးသွားခဲ့သည်ကို လှောင်ပြောင်ခဲ့ကြောင်း သက်သေပြုထားကြသည်။



သို့သော်ဝီလျံက "ကျွန်တော်ဒါမျိုးမလုပ်ဆောင်ခဲ့ပါဘူး။ ကျွန်တော့်ရဲ့ တွစ်တာစာမျက်နှာ တိုက်ခိုက်ခံလိုက်ရလို့ပါ။ ဘာပဲဖြစ်ဖြစ် ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ စိတ်မကောင်းဖြစ်ရပါတယ်"ဟု ပြန်လည်ရှင်းလင်းခဲ့သည်။ ယင်းသို့ စွပ်စွဲခံရပြီးနောက် သူ၏တွစ်တာစာမျက်နှာအား ပိတ်ပစ်ခဲ့ကြောင်း သိရသည်။

**(မေလှဲ့သင်း)**

# အသက်ရှည်ရာ အနာမဲ့ကြောင်း ပတ်ဝန်းကျင်ကောင်းပေါ် မှီတည်နေ

ကိုရင်ညြ

မကြာသေးသောနှစ်များက 'အီဘိုလာ' ဟု အမည်တွင်လေသော ဗိုင်းရပ်ပိုးတစ်မျိုးက ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို မလေးမခန့် ခြိမ်းခြောက်ခဲ့သည့်နည်းတူပင် မကြာသေးမီက 'ဇီကာ' အမည်ရှိ အော့နှလုံးနာဖွယ်ရာ ဗိုင်းရပ်တစ်မျိုးက ကမ္ဘာကို တစ်ပတ်ပတ်ခဲ့ပြန်လေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် လူတို့၏ ကျန်းမာရေးဆက်နွှယ်ပုံကို ပညာရှင်တို့က ထောက်ပြကြကုန်ရာ၏။ ပတ်ဝန်းကျင် ညစ်ညမ်းမှု ရှိလာလေလေ ပြည်သူတို့ ကျန်းမာရေး နိမ့်ကျလေလေဖြစ်ရသည်ကား ထင်ရှား၏။ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် တိုက်ရိုက် ဆက်နွှယ်လျက် လူတို့ဖြစ်ပွားတတ်သည့် ရောဂါဘယများတွင် အရေပြားကင်ဆာရောဂါ၊ အဆုတ်ကင်ဆာရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ ခဲဆိပ်သင့်ခြင်း၊ ပြဒါးဆိပ်သင့်ခြင်း၊ ငှက်ဖျားရောဂါ၊ အီဘိုလာနှင့် ဇီကာဗိုင်းရပ်ရောဂါစသည်ဖြင့် ရောဂါဘယအပေါင်း တသီတသန်းကြီးပါဝင်၏။

ပြည်သူ့ကျန်းမာရေး ဘေးအန္တရာယ်များ ပိုမိုတိုးပွားလာခြင်း၊ သို့မဟုတ် ပိုမိုလျော့နည်းလာခြင်း အကြောင်းတရားများကို လူတို့ကသာ ဖန်တီးနေသည်။ အကြောင်းမူကား လူတို့၏ လုပ်ဆောင်ချက်များသည် ပတ်ဝန်းကျင်အပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေခြင်းကြောင့်တည်း။

ဤတွင်ရွေ့ကား 'လူသာပဓာန' ဟု ကျွန်ုပ်ဆိုချင်သည်။ အဘယ်ကြောင့်မူ လူတို့က ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်သကဲ့သို့ လူတို့ကပင် ပတ်ဝန်းကျင်ဆိုးကို ဖန်တီးနိုင်ခြင်းကြောင့် ဖြစ်၏။ ဆက်စပ်တွေးခေါ်မည်ဆိုလျှင် လူနှင့် ပတ်ဝန်းကျင် ဆက်နွှယ်ပုံကို မြင်ရချိမ့်မည်။ လူတို့ လိမ္မာစွာ ပြုမူကျင့်ကြံလျှင် ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်နိုင်ပြီး လူတို့ ဆိုးညစ်ယုတ်မာလျှင် ရေတိုအတွင်းမှာပင် ပတ်ဝန်းကျင်ထိခိုက်ရမှု 'အာကာလိကော' အခါမလင့် အကျိုးပေးပေလိမ့်မည်။ သို့ဖြစ်ရကား သင့်ကြောင့် ပတ်ဝန်းကျင် နှစ်ကုန်းတစ်ကော့မဖြစ်ပါစေနှင့်ဟူ၍ သတိပေးသော် ကျွန်ုပ်၏စကားလွန်အံ့မထင်နိုင်ပေ။

ပတ်ဝန်းကျင်ကောင်း အခွန့်ရှည်တည်ရှိရေးအတွက် လူတို့ အသိတရားနိုးထရေးမှာ ခဏပန်းမျှသာမဟုတ် အစဉ်ထာဝရဖြစ်အပ်ရာ၏။ သတိတရားဖြင့် နိုးကြားထကြွမှု ဝါယမဖြင့်သာလျှင် ပတ်ဝန်းကျင်ကောင်းကို ထုံးမီစံကျ ထူထောင်နိုင်ကြလိမ့်မည်ပေတကား။

ယနေ့ကာလ လူတို့ အသက်တိုလာခြင်း၏ အကြောင်းတစ်ရပ်မှာ သဘာဝပတ်ဝန်းကျင် ပျက်စီးလာမှုဖြစ်သည်။ မျှော်မှန်းနိုင်သော ဘဝသက်တမ်းမတိုင်မီမှာပင် သေဆုံးသူများရှိသည်။ ကမ္ဘာတစ်ဝန်း လူ့သက်တမ်း မစေ့မီ သေဆုံးရသူဦးရေ၏ ၂၃ ရာခိုင်နှုန်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းများနှင့် ဆက်နွှယ်နေပြီး ကလေးသူငယ်များမှာလည်း သဘာဝပတ်ဝန်းကျင် ပျက်ယွင်းရခြင်း၏ သားကောင်ဖြစ်ရသည်သာဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပြလေသည်။

ကျန်းမာရေးဟု ပြောသောအခါ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုမပြုဘဲနေ၍ မရနိုင်ပေ။ လူဦးရေ တိုးပွားလာမှုနှင့်အတူ မြို့ရွာများ ကြီးပွားကျယ်ပြန့်လာသည်။ လူနေကျပ်တည်း ကျဉ်းမြောင်းလာလေသော် ပြည်သူ့ကျန်းမာရေး ပြဿနာကြီးလာသည်။

လူနေအိမ်ခြေ တိုးပွား၍ စက်မှုလုပ်ငန်းများ ထွန်းကာလာသောအခါ ကျေးလက်တောရွာတို့ မြို့ဖြစ်လာကြသည်။ ကျေးတောသားတို့ မြို့သို့ရွှေ့ပြောင်းလာကြသည်။

ကမ္ဘာ့သမိုင်းကိုကြည့်လျှင် စိုက်ပျိုးရေးစနစ်မှ စက်မှုစနစ်သို့ ကူးပြောင်းသောအခါ မြို့ပြထူထောင်ခြင်းဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာကုန်၏။ ၁၉ ရာစုခေတ်သို့ ရောက်လေသော် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့ပြီးလျှင် စက်မှုလုပ်ငန်းများကို မှီ၍ အရင်းရှင်စီးပွားရေးစနစ် ကြီးကျယ်လာသည်။

ရှေးနှစ်ကာလက ပြည်တွင်းဖူလုံရေးကိုသာ ဦးတည်သည့် စိုက်ပျိုးရေးစနစ်ဖြစ်သောကြောင့် 'မြေကြီးမှ ရွှေသီးသည်' ဟူ၍ပင် ဆိုရိုးစကားတွင်ခဲ့သည်။

ထိုစဉ်က လူဦးရေတိုးနှုန်းမှာ နည်းပါးနေသေးရကား တိုင်းသူပြည်သားတို့အတွက် သွားလေရာရာ စိုက်ပျိုးမြေရှိလျှင် ဘဝရပ်တည်ချက်ရှိသည်ဟု မှတ်ယူနိုင်သည်။

သို့ရာတွင် တစ်စစ ကာလရွေ့လျောလာလေသော် လူဦးရေတိုးနှုန်းမြင့်လာပြီး လူနေမှုပုံစံပါ ပြောင်းလဲလာသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ မဟာမြို့ကြီးပေါင်း ၃၃ မြို့အထိ ရှိလာသည်။ တိုကျို၊ ဒေလီ၊ ဆိုးလ်၊ ရှန်ဟိုင်း၊ မွန်ဘိုင်း၊ နယူးယောက်၊ စောပေါ်လို၊ ပေကျင်း၊ ဂျကာတာစသည့်မြို့များသည် မဟာမြို့ကြီးများတွင် ပါဝင်သည်။

လူနေမှု ကျပ်တည်းလာသော မြို့ပြလူနေမှုဘဝအတွင်း မွန်းကျပ်နေကြရရှာသော ကျွန်ုပ်တို့ ပြည်သူလူထုအပေါင်းမှာ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ ကျန်းမာရေးဘေးဥပဒ်များ သင့်ရောက်နေသောလုပ်ငန်းခွင်နေရာများ၊ ဘေးကင်းလုံခြုံမှု မရှိသော လမ်းများနှင့် နိစ္စဓူဝ တွေ့ထိနေကြရလေသည်။

ပတ်ဝန်းကျင်နိမ့်ကျနေသည့် အခြေအနေတွင် နေထိုင်ကြရ အလုပ်လုပ်ကိုင်ကြရခြင်းကြောင့် သေဆုံးရသူ ဦးရေမှာ တစ်နှစ်လျှင် ၁၂ ဒသမ ၆ သန်းခန့်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) က မကြာမီက ထုတ်ပြန်ခဲ့သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ် သေဆုံးမှု အရပ်ရပ်၏ လေးပုံတစ်ပုံနီးပါးမှာ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအရဖြစ်ရပြီး လေထု၊ ရေထု၊ မြေဆီလွှာ ညစ်ညမ်းမှု၊ ဓာတုပစ္စည်းများနှင့် တွေ့ထိခြင်းမှ အဆိပ်သင့်ရမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ခရမ်းလွန်ရောင်ခြည် သင့်ရောက်မှု စသည့် အကြောင်းတရားများသည် လူတို့သေဆုံးစေသော အကြောင်းခြင်းရာများဖြစ်ကြသည်။

ပတ်ဝန်းကျင်ကောင်းမွန်ခြင်းသည် လူတို့၏ ကျန်းမာရေးကောင်းမွန်မှုနှင့် တိုက်ရိုက်ဆက်နွှယ်နေပုံကို သုတေသီပညာရှင်တို့ကို ထောက်ပြကြသည်။ ပတ်ဝန်းကျင် အဆင့်အတန်း နိမ့်ကျမှုကြောင့် ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာတို့ နာမကျန်းခြင်းနှင့် လူ့သက်တမ်းစေ့မီ ကွယ်လွန်ခြင်းတို့ ဖြစ်ပေါ်နေရဆဲဖြစ်လေသည်။

ကျွန်ုပ်တို့၏ အရှေ့တောင်အာရှဒေသသည် ပတ်ဝန်းကျင်နိမ့်ကျမှု အကြောင်းခြင်းရာ အခြေအနေများနှင့် ဆက်နွှယ်လျက် နှစ်စဉ်ပြည်သူ ၃ ဒသမ ၈ သန်းခန့် သေဆုံးနေရသည်ဟု ယင်းလေ့လာချက်တွင် ထောက်ပြထားသည်။

## ပတ်ဝန်းကျင် ကောင်းမွန်ခြင်းသည် ကျွန်ုပ်တို့ လူသားတစ်ရပ်လုံး၏ ဘဝမြင့်မားမှုအတွက် အခြေခံ . . .

### ပတ်ဝန်းကျင်ဆိုင်ရာ ဘေးဥပဒ်အမျိုးမျိုး

ကျွန်ုပ်တို့ နေ့စဉ်ရင်ဆိုင်နေကြရသော ပတ်ဝန်းကျင်ဆိုင်ရာ ဘေးဥပဒ်အမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာကြည့်ရှုလေသော် ရုပ်ပိုင်းဆိုင်ရာ ဘေးဥပဒ်ကတစ်နည်း၊ ယဉ်ကျေးမှုဆိုင်ရာ ဘေးဥပဒ်က တစ်သွယ်ဟူ၍ တွေ့နိုင်သည်။

မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ နှင်းမုန်တိုင်းကျရောက်ခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းတို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်များနည်းတူ ပြည်သူတို့ကို ကျန်းမာရေးဘေးဥပဒ်ပေးနိုင်သည်။ ယူဗွီရောင်ခြည်သင့်ရောက်ခံရမှုကြောင့် ဒီအင်န်အေပျက်စီးနိုင်ပြီးလျှင် အရေပြားကင်ဆာနှင့် မျက်စိတိမ်စွဲရောဂါတို့ ခံစားရတတ်သည်။

ဓာတုဆိုင်ရာ ဘေးဥပဒ်များမှာမူ ပတ်ဝန်းကျင်အတွင်း သဘာဝအရရော လူတို့ဖန်တီးမှုအရပါ ဖြစ်ပေါ်နေသော ဓာတုပစ္စည်းများက ပေးစွမ်းနိုင်သည့် ကျန်းမာရေးဘေးအန္တရာယ်များဖြစ်လေသည်။

ပိုးသတ်ဆေးများ၊ ပလတ်စတစ်များစသည့် လူတို့ဖန်တီးပြုလုပ်ထားသော ဓာတုပစ္စည်းများနှင့် တွေ့ထိခြင်းမှ ရောဂါဘယများရရှိနိုင်သည်ကို ကျွန်ုပ်တို့ သတိမူကြရပေမည်။ အချို့သော ဓာတုဆိုင်ရာ ဘေးဥပဒ်များသည် ပတ်ဝန်းကျင်အတွင်း သဘာဝအရ တည်ရှိနေခြင်းဖြစ်၏။ ခဲနှင့် ပြဒါးတို့ကို ဥဒါဟရုဏ်ပြ ညွှန်းဆိုနိုင်၏။ အချို့သော ဇီဝရုပ်များသည် သဘာဝဓာတုပစ္စည်းများကို ထုတ်လုပ်နိုင်စွမ်းရှိပြီး ကျန်းမာရေးဘေးဥပဒ် ပေးစွမ်းနိုင်၏။ ပုံပမာပြုညွှန်းဆိုရသော် မြေပဲနှင့် နို့ထွက်ပစ္စည်းတို့ရှိ ဒြပ်ပေါင်းပစ္စည်းများဖြစ်ပြီး လူတို့တွင် ဓာတ်မတည့်ခြင်းဖြစ်နိုင်၏။

ဇီဝဆိုင်ရာ ဘေးဥပဒ်များသည်ကား ဇီဝရုပ်များအကြား အပြန်အလှန်တုံ့ပြန်မှု များဖြစ်သည်။ ဇီဝဆိုင်ရာ ဘေးဥပဒ်များကို နမူနာပြုရသော် ဗိုင်းရပ်ရောဂါ၊ ဘက်တီးရီးယားရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတို့ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာ ဘေးဥပဒ်များမှာမူ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပုဂ္ဂလိကရွေးချယ်ချက် သို့မဟုတ် ပုဂ္ဂလိကအကျင့်စရိုက်ကြောင့် ဖြစ်ပေါ်လာရသော ဘေးဥပဒ်များဖြစ်သည်။ ဥပမာ ဆိုရလျှင် ဆေးလိပ်(စီးကရက်)သောက်ခြင်း၊ အလွန်အကျွံစားသုံးခြင်း၊ အရေပြားအရောင် ပြောင်းလဲစေရန် နေပူစာလှုံခြင်းစသည်တို့ဖြစ်သည်။

အလုပ်ကို နေ့မနား၊ ညမအား လုပ်လေ့ရှိကြပြီး အသင့်စား အစားအစာများကို ပိုမိုစားသုံးလာခြင်းဖြင့် ကိုယ်ခန္ဓာဝဖိုင့်လာကာ ရောဂါဖြစ်တတ်ခြင်းသည်လည်း ယဉ်ကျေးမှုဆိုင်ရာ ဘေးဥပဒ်တစ်မျိုးဖြစ်သည်။

### ပတ်ဝန်းကျင်ဆိုင်ရာ ဖိစီးမှုခံရမှုများ

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ပတ်ဝန်းကျင်ဆိုင်ရာ ဖိစီးခံနေကြရသည်။ နှိုးစက်နာရီမြည်သံ၊ ဘက်စ်ကားပေါ် တယ်လီဖုန်းစကားပြောသံများ၊ နွေရာသီအပူလှိုင်းများ၊ မော်တော်ကားဟွန်းသံများ၊ လူပြည့်ကျပ်နေသော နေရာများ၊ ဆူညံသံများ စသည်တို့မှာ ပတ်ဝန်းကျင်ကပေးစွမ်းနိုင်သော စိတ်ဖိစီးခံရမှုများဖြစ်သည်။

ပတ်ဝန်းကျင် ကောင်းမွန်ခြင်းသည် ကျွန်ုပ်တို့ လူသားတစ်ရပ်လုံး၏ ဘဝမြင့်မားမှုအတွက် အခြေခံအကျဆုံးဖြစ်သည်။ ကျွန်ုပ်တို့ ရှူရှိုက်သောလေ၊ စားသုံးသော အစားအစာ၊ သောက်သုံးသော ရေတို့ ညစ်ညမ်းမှုကင်းဝေးပါမှ ကိုယ်ရောစိတ်ပါ ကျန်းမာသော သုခကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြပေမည်။

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးတွင် အသက်ဇီဝအတွက် အထောက်အပံ့ပေးနေသည်ကား ပတ်ဝန်းကျင်ဖြစ်သည်။ သို့ဖြစ်ရကား သဘာဝဂေဟစနစ်များ ချိန်ခွင်လျှာ ညီညွတ်မျှတနေဖို့ လွန်စွာအရေးကြီးလှသည်။ ကျွန်ုပ်တို့ အသက်ရှင်သန်ရေးအတွက် အရင်းအမြစ်များကို အထောက်အပံ့ပြုပေးနေသော သဘာဝတရားပေါ်တွင် ကျွန်ုပ်တို့ မှီတည်နေကြရသဖြင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကြရမည်ဖြစ်သည်။

လေ၊ ရေ၊ မြေ (မြေဆီလွှာ)နှင့် စားနပ်ရိက္ခာတို့ အရည်အသွေး နိမ့်ကျပြီဆိုလျှင် လူသားတို့ ဆင်းရဲဒုက္ခရောက်လျက် သက်ဆိုးရှည်ကြရပေမည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း၊ လူမှုပတ်ဝန်းကျင်ကို စောင့်ရှောက်ကြရမည်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဇီဝအသက်ဖြစ်တည်ရာ ပတ်ဝန်းကျင်ကောင်းမွန်ခြင်းသည် လူသားတို့အတွက် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၏ အကြောင်းတရားဖြစ်ပေရကား "အသက်ရှည်ရာ အနာမဲ့ကြောင်း ပတ်ဝန်းကျင်ကောင်းပေါ် မှီတည်နေ" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



ပတ်ဝန်းကျင် မပျက်ယွင်းစေဘဲ မြို့ကြီးများကို ဖွံ့ဖြိုးတိုးတက်စေသင့်သည်။ ဓာတ်ပုံ– www1.toronto.ca

# သံတောင်ကြီးဒေသ ဥယျာဉ်ခြံသီးနှံများ ဝင်ငွေတိုးတက်ရရှိရေး ကွင်းဆင်းဆောင်ရွက်

**သံတောင် မတ် ၁၉**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တောင်သူလယ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာထွက်ကုန်များ အထွက်နှုန်းတိုးတက်ရေးနှင့် ဈေးကွက်ခိုင်မာစွာရရှိရန် အမယ်သစ်သီးနှံတစ်မျိုးဖြစ်သည့် ဘယဆေးနှင့် ဟင်းခတ်အမွှေးကြိုင်၊ နာနတ်ပွင့်ဧက ၄၀ အားသီးနှံရောနှောသစ်တောစိုက်ခင်း (Agro-Forestry System) ဖြင့် စိုက်ပျိုးရန် မြေယာပြုပြင်နေမှုများကို မတ် ၁၄ ရက်၌ ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦး၊ သံတောင်ကြီးမြို့နယ် မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်မင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးစောကေဒိုးတို့ ပါဝင်သောအဖွဲ့က သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာ၌ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

နာနတ်ပွင့်သီးနှံသည် စတင်စိုက်ပျိုးသည်မှ သုံးနှစ်သားတွင် အပွင့်များစတင်ပွင့်ဖူး၍ ငါးနှစ်သားမှ ၂၅ နှစ်သားထိ စီးပွားဖြစ်ဆွတ်ခူးနိုင်ပြီး သက်တမ်းနှစ် ၅၀ အထက်ရှိကာ တစ်ပင်မှနာနတ်ပွင့်ပျမ်းမျှ ၉၀ ကီလို ထွက်ရှိပြီး တစ်ကီလိုလျှင် ကျပ် ၂၅၀၀ ဈေးဖြင့် ရောင်းချကြသည်။

တစ်ဧကလျှင် ပင်ကြားတန်းကြား (၁၅ပေ×၁၀ပေ) စနစ်ဖြင့် အပင်ရေ ၂၉၀ ခန့်ဝင်ဆံ့ရာ တစ်နှစ်ဝင်ငွေ ကျပ် ၁၉ သိန်း မှ သိန်း ၂၀ ခန့်ရရှိနိုင်မည်ဖြစ်၍ တောင်သူလယ်သမားများ၊ ဥယျာဉ်ခြံသမားများအတွက် ဝင်ငွေကောင်းသော ပို့ကုန်အမယ်သစ်သီးနှံအဖြစ် ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ကြစေရန် ရည်ရွယ်၍ စံနမူနာပြစိုက်ခင်းအဖြစ် ရှေ့ပြေးစမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး ဆက်လက်၍ ဧက ၅၀၀ ထိ စိုက်ပျိုးမည်ဖြစ်သည်။

ယင်းနောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် အဖွဲ့သည် သံတောင်ကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သံတောင်ကြီး၊ လိပ်သို၊ ဘောဂလိဒေသများမှ စိုက်ပျိုးရေးဦးစီးမှူးများ၊ ကော်ဖီနည်းပညာပြန့်ပွားရေးနှင့် သုတေသနခြံ (လိပ်သို) မှ ပညာရှင်များ၊ စိုက်ကွင်းပညာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သံတောင်ကြီးဒေသ၏ မိုးရေချိန်၊ မြေမျက်နှာသွင်ပြင် တည်ဆောက်ဖွဲ့စည်းမှုအပေါ် အယ်နီညိုရာသီဥတုဒဏ် ကျရောက်လာပါက စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနည်းပါးစေရန် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန်များကိုလည်း ကွင်းဆင်းကြည့်ရှုခဲ့သည်။

ယင်းပြင် ယင်းဒေသ၏အဓိကဝင်ငွေသီးနှံအဖြစ်စိုက်ပျိုးနေသော ဖာလာသီးနှံ အထွက်နှုန်းတိုးတက်ရေးနှင့် ဈေးကွက်ခိုင်မာစွာရရှိရေးကိုလည်းကောင်း၊ ကော်ဖီနှင့် ရော်ဘာများနည်းပညာပြန့်ပွားစေသော သင်တန်းပို့ချရေးဆိုင်ရာများနှင့် လက်ရှိတောင်ယာစပါးမျိုးများအစား ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းသောမျိုးများပြောင်းလဲစိုက်ပျိုးရေးနှင့် လယ်မြေများတွင် သက်တမ်းတို၍ ရေလိုအပ်မှုနည်းပါးသော စပါးသီးနှံမျိုးများကို ရွေးချယ်၍ သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

ယင်းပြင် သံတောင်ကြီးဒေသ၌ အကောင်အထည်ဖော်စိုက်ပျိုးထားသော ဥယျာဉ်ခြံသီးနှံစုံ (ModelFarm) လက်ဖက်၊ ကျွဲကော၊ နာနတ် ၁၀ ဧကစိုက်ခင်း၊ လက်ဖက်ငါးဧကနှင့် အစေ့ထုတ်ပြောင်းနှစ်ဧက စံပြစိုက်ခင်းတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

သံတောင်ကြီးမြို့နယ်သည် ဖာလာသီးနှံ ၇၇၃၈၆ ဧက၊ ရော်ဘာ ၇၃၂၁ ဧက၊ ကော်ဖီ ၉၅၉၅ ဧက၊ လက်ဖက် ၁၁၁၂ ဧကနှင့် မိုးစပါး၊ တောင်ယာစပါးနှင့် နွေစပါး ၁၃၅၇၆ ဧကကို အဓိကစိုက်ပျိုးပြီး ဒေသခံတောင်သူလယ်သမားအများစုမှာ ဥယျာဉ်ခြံသီးနှံ ဒူးရင်း၊ လက်ဖက်၊ ကွမ်းသီး၊ ကျွဲကောတို့ကို စိုက်ပျိုးကြသည်ဖြစ်ရာ နယ်မြေတည်ငြိမ်အေးချမ်းသာယာလာ၍ လယ်ယာထွက်ကုန်များ တိုးမြင့်ထုတ်လုပ်ရေးကို ဒေသတာဝန်ရှိသူများ၊ တောင်သူလယ်သမားများ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**

# ခြင်းတောင်းရက်လုပ်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစု အပိုဝင်ငွေရရှိ

**ပုဗ္ဗသီရိ မတ် ၁၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်အတွင်းရှိ ပြည်သူများသည် ရာသီအလိုက် သီးနှံများအားစိုက်ပျိုးခြင်းအပြင် ခြင်းတောင်းရက်လုပ်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေ ရရှိလျက်ရှိသည်။

အဆိုပါခြင်းတောင်းများ ခိုင်ခံ့စေရန်အတွက် တင်းဝါး၊ ကြသောင်းဝါးများဖြင့် ရက်လုပ်ရပြီး ဝါးတစ်လုံးလျှင် ငွေကျပ် ၅၅၀ ခန့်ပေးရသည်။ ယခုအခါတွင် ခြင်းတောင်းတစ်လုံးလျှင် လက်လီဈေး ငွေကျပ် ၇၀၀ ဖြင့်ရောင်းချပြီး သီးနှံပေါ်ချိန်များတွင် ယခုထက်ပို၍ ရောင်းအားကောင်းလျက်ရှိရာ ဈေးကောင်းရနိုင်ပြီး ခြင်းတောင်းများကို ကျေးလက်ဒေသရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများက အဓိကထားဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ ခြင်းတောင်းရက်လုပ်ခကတော့ ခြင်းတောင်းအလုံးတစ်ရာကို ငွေကျပ်ရှစ်ထောင်ရပါတယ်။ တစ်နေ့ကို ခြင်းတောင်းအလုံး ၄၀ မှ ၅၀ အထိ ရက်လုပ်လို့ပြီးပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့တစ်နေ့လုပ်အားခ ငွေကျပ် သုံးထောင့်ငါးရာနဲ့ လေးထောင်အတွင်းရရှိပါတယ်" ဟု ခြင်းတောင်းလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်မာဦးက ပြောသည်။ယင်းအပြင် လက်မှုပညာရပ်ဖြစ်သော ဝါးဖြင့်ပြုလုပ်သည့် ဆွဲခြင်း၊ တစ်ရှူးဘောက်၊ဦးထုပ်၊ ဖုန်းတင်ခုံစသည်တို့ကိုလည်း ပြုလုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**ရွှေရဲရင့်**



# သပိတ်ကျင်းမြို့နယ်တွင် တီဘီရောဂါဝေဒနာရှင်နှင့် အခြားလူနာများအား အခမဲ့ဆေးကုသ

**သပိတ်ကျင်း မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများသည် မြို့ပေါ်ရှိ လူနာများအား ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ခြင်း၊ ရောဂါရှာဖွေခြင်းလုပ်ငန်းများကို မတ် ၁၅ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ အဆိုပါဒေသရှိ ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့လာရောက်ကုသပေးလျက်ရှိကြောင်း သိရသည်။

အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါက်တာကောင်းမြတ်နှင့်အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ်အတွင်းရှိ လာရောက်ပြသသူ ၇၃ ဦးအား ဓာတ်မှန်စစ်ဆေးခြင်း၊ ၁၉ ဦးကို သလိပ်စစ်ခြင်း၊ ခြောက်ဦးကို တီဘီဆေးပေးဝေခြင်း စသည်တို့ကို အခမဲ့ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဝါးဖြူတောင်၊ လိပ်ကျ၊ ချောင်းကြီးကျေးရွာများသို့လည်း သွားရောက်ကွင်းဆင်းကုသမည်ဖြစ်ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**





## ဗန်းမော်အသင်း(ရန်ကုန်)

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ တို့ကို ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ ဗန်းမော်ခရိုင်မှ ရန်ကုန်မြို့ သို့ ရောက်ရှိနေကြသည့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | - | (၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော်၄ရက်)<br>၂၇-၃-၂၀၁၆ရက်(တပ်မတော်နေ့) (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉း၀၀ နာရီမှ ၁၂း၀၀နာရီအထိ |
| ကျင်းပမည့်နေရာ | - | ကျောက်စိမ်းတွင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

"ဗန်းမော်မျှစ်ချဉ်၊ ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံပါမည်။"

**အမှုဆောင်အဖွဲ့**

## ဖိတ်ကြားခြင်း
## မွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ရေးဆွဲရေးဆိုင်ရာဆွေးနွေးပွဲ

UMTA

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် International Labour Organization တို့၏ ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ ဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ရေးကော်မတီသည် အသင်းသားများ၏ အကြံပြုချက်များရယူကာ ဖွဲ့စည်းပုံစည်းမျဉ်းများအား ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဖွဲ့စည်းပုံစည်းမျဉ်း (ပထမမူကြမ်း)အဆင့် ပြီးစီးနေပြီဖြစ်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆွေးနွေးပွဲကျင်းပပြီး အဆိုပါ ဖွဲ့စည်းပုံစည်းမျဉ်း(ပထမမူကြမ်း)အား အသင်းသားများ၏ ချပြ အကြံဉာဏ်ထပ်မံရယူလိုပါသည် -

(က) ကျင်းပမည့်အချိန် -(၁၃း၀၀)နာရီ
(ခ) ကျင်းပမည့်နေ့ရက် -(၂၉-၃-၂၀၁၆)ရက် (အင်္ဂါနေ့)
(ဂ) ကျင်းပမည့်နေရာ -အမှတ်(၂၉)၊UMFCCI(၄)လွှာမင်းရဲကျော်စွာလမ်း

သို့ပါ၍ အသင်းသားများအနေဖြင့် အင်တိုက်အားတိုက် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်မည့်သူများအနေဖြင့် Ph: (01-2314941,2302330~1), Email-profficer@umtanet.org သို့ စာရင်းကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

**အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၁၃)လမ်း၊ အမှတ်(၃၇၂)၊ (၅)လွှာ(ဘယ်)ကို ကန်ထရိုက်တာ ဦးဟန်ဝင်းထွန်း[၁၂/မဂတ(နိုင်)၀၈၀၅၂၇]ထံမှ ကျွန်မ ဒေါ်မြမြဝင်း [၁၂/လမတ(နိုင်)၀၁၁၇၆၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြမြဝင်း[၁၂/လမတ(နိုင်)၀၁၁၇၆၆]**
**ဖုန်း-၀၉-၅၁၃၅၃၃၇၊ ၀၉-၇၈၅၁၃၅၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၅-နေပူကုန်း)၊ ဦးပိုင်(၈/၈၂)၊ မြေဧရိယာ(၀. ၀၅၉)ဧကရှိ (အရှေ့ဘက်-ဦးတင်မြင့်၊ အနောက်ဘက်-ဦးပေါ်ဦး၊ တောင်ဘက်-ဦးစစ်ကိုလမ်း၊ မြောက်ဘက်-ဦးစန်းမြင့်) အလားလေးရပ်အတွင်းရှိ)မြေအား လူနေဂရန် အသစ်ရရှိရန် ဒေါ်အေးအေးခိုင်[၁၃/တကန(နိုင်)၀၂၄၅၀၈]က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်အေးအေးခိုင်သို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမြန်ပြန်လာပါ

မိသားစုဝင်များ စိတ်ပူပန်နေပါသဖြင့် မောင်အောင်လင်းထွန်း [၁၂/မရက(နိုင်)၁၇၀၅၉၆] အိမ်သို့ အမြန်ဆက်သွယ်ပါ။

မောင်လင်းဇော်ဦး[၁၂/မရက(နိုင်)၁၇၀၅၉၅]

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**ရွှေကျိုက်ထီးရိုး**
ကျိုက်ထီးရိုး (နေ့စဉ်)
Ph: 09-450 450 192

**TRIWAVE** Travels & Tours 09-2574 20127 09-2540 74927
Mar 22-23 ဘားအံ-ကျုံထော်-ဆွန်ဂွ (33000 Ks)
Mar 25-27 ငွေဆောင်ကမ်းခြေ (79000 Ks) - Ocean Blue Hotel
Apr 12-16 တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (165000 Ks) - 81 Hotel Inlay
Apr 17-20 ပုဂံ-ပုပ္ပါး (95000 Ks) - Floral Breeze Hotel Bagan

**MIHARA CAR RENTAL**
Road to Thailand
မြဝတီ – ဖဲဆောက် ခရီးစဉ် အပတ်စဉ်
(၃)ညအိပ်(၄)ရက် - ၁၂၀,၀၀၀/ကျပ်
ငပလီကမ်းခြေ ခရီးစဉ် အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်
မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)
Ph: 09 49218700,09 5025400,09 43124072

**Floral Stream Travels** မှ ချင်းပြည်နယ်တောင်ပိုင်း ၅ ရက် အဆင့်မြင့်ခရီးစဉ်
တစ်ဦးလျှင် ၂၉၀,၀၀၀/ ကျပ်။
အသေးစိတ်သိရှိလိုပါက တိုက် (၄၅)၊ အခန်း (၁၉)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။
ဖုန်း - 09 450054039, 01 211154, 09 259045051, 09 43125646.
မတ်လ ၂၂ ရက်ညနှင့် ဧပြီလ ၁၀ ရက်ညတွင် ထွက်ပါမည်။ လူဦးရေကန့်သတ်ထားပါ၍ မတ်လ ၁၀ ရက်နှင့် မတ်လ ၂၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်။

(၁) သန်လျင်ခေတ္တရ (၃၉)ကြိမ်မြောက်ပွဲတော်ပွဲ နှင့်
အဓိဋ္ဌာန် (၁၀) ရက် တရားကျင့်သုံးပွဲ
(၂) သန်လျင်ခေတ္တရ (၁၄) ကြိမ်မြောက်
သင်္ကြန် (၄) ရက် တရားကျင့်သုံးပွဲ

ဆက်သွယ်ရန်

**TRAVEL VILLAGE** အဆင့်မြင့် ခရီးသွားလုပ်ငန်း
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ March 24(155,000Ks)/April 12,17(189,000Ks)
ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ March 24(155,000Ks)/April 12,17(189,000Ks)
ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး March 25(99,000Ks) /April 17 (99,000Ks)
မှန်တလေး(ကျောက်စိမ်း)-ပြင်ဦးလွင်(ဒီးဒုတ်) April 12 (180,000Ks)
ဘားအံ(ကျုံထော်ရေတံခွန်) March(12/19/22/26) (35,000 Ks)
မော်လမြိုင်-ကျိုက္ကမီ-စက်စ March(12/19/22/28) (35,000 Ks)
Travel Village Travels and Tours
Scania Car

# သင်္ကြန်သဲအင်းဂူ (၉)ရက်အထူးအဓိဋ္ဌာန်တရားစခန်းပွဲ ဖွင့်မည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ်(၆)ဝိုင်း၊ ဆေးရိုးပင်သဲအင်းဂူရိပ်သာ၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေဥက္ကလာဆရာတော် ဒေါက်တာအရှင်စိန္တာမယ-ကိုယ်တိုင် (၁၃၇၇-ခုနှစ်၊ တန်ခူးလဆန်း ၃ရက်မှ ၁၁ရက်)၊ ၂၀၁၆ခုနှစ် ဧပြီလ ၁၀ရက်မှ ၁၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ဒုလ္လဘ သံဃာ၊ ယောဂီများသည် တန်ခူးလဆန်း ၂ ရက်၊ ဧပြီလ ၉ရက်၊ မိမိအသုံးအဆောင်ပစ္စည်းများ ယူဆောင်၍ ညနေ (၅) နာရီအရောက် လာရောက်ကြရမည်ဖြစ်ပါသည်။

မှတ်ချက်။ ။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-၅၀၉၆၃၃၄၊ ၀၉၄၄၂၁၃၂၃၉၆၊ ၀၉၇၈၀၅၅၂၃၂၀

(10.Apr.2016) သင်္ကြန်ခရီးစဉ်အထွေထွေ
Fully Light Travel & Tour ၏ အထူးခရီးစဉ်များ
(၈)ရက်ခရီး 1800.USD
(၆)ရက်ခရီး 1950.USD
(၈)ရက်ခရီး 2000.USD
(၈)ရက်ခရီး 2000.USD
မော်လ်ဒိုက်ခရီးစဉ်
ဆက်သွယ်ရန် 09-789 8888 91 ,09-4200 77861
01-503815 ,01-516932 , 01-516964 ,01-516985
( Block-B ) 

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်းဝင်း [၁၂/သကတ (နိုင်)၁၃၈၇၄၅]၏ PP No. MA757875 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၄၅၁၃၀၂၆၅၀

## ပျောက်ဆုံးကြောင်း

ကျွန်မ မသန္တာစိုး [၉/ပမန(နိုင်)၁၈၄၉၁၇] လက်ဝယ်ပိုင်ဆိုင်သော VOLKSWAGEN POLO ယာဉ်၏ သွင်းကုန်လိုင်စင်အမှတ် ISP IDVY8 15_16 2679 (13-7-2015) နှင့် သွင်းကုန်ကြေညာလွှာအမှတ် ID No. 731541 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၇၉၉၁၂၃၀၁၃

"သင်္ကြန်ကာလထိုင်းအထူးခရီးစဉ်(ထွက်ခွာမည့်ရက် ဧပြီ ၉၊ ၁၂၊ ၁၄)"

(၁) ရန်ကုန်- ဗန်ကောက်-ပတ္တရား (၅ည-၆ရက်) US -550
(၂) ရန်ကုန်- ဗန်ကောက် (၂ည-၃ရက်) US-400

*Best Care Travel Myanmar*

A-002, Landmark Tower, Shwegon Plaza Compound, Shwe Gon Daing , Bahan Township, Yangon. Phone 09-43085738, 09- 43202858, 01-559160, 01-552590, 01-552587,

"သင်္ကြန်မဟုတ်သောကာလများအတွက် Customer များစိတ်တိုင်းကျ မိသားစု အထူးခရီးစဉ်များကို သီးသန့်ညှိနှိုင်းတိုင်ပင်ရေးဆွဲ ပို့ဆောင်ပေးပါသည်။"

**KBZSC**

## KBZSC ငွေချေးသက်သေခံကုမ္ပဏီမှ စတော့ရှယ်ယာ ရောင်းဝယ်လိုသူများအား ဖိတ်ခေါ်ခြင်း။

၁။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာ ရောင်းဝယ်မှုများကို ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ ရှေးဦးစွာ FMI ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာများကို စတင်ရောင်းချစေမည်ဖြစ်ပြီး၊ နောင်တွင် အခြားသောစာရင်းဝင် အများပိုင်ကုမ္ပဏီများ၏ အစုရှယ်ယာများကိုလည်း ရောင်းချခွင့်ပြုရန် စီစဉ်ထားလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ စတော့ရှယ်ယာ အရောင်းအဝယ်ပြုလုပ်ရန်အတွက် KBZSC ငွေချေးသက်သေခံလက် မှတ်ကုမ္ပဏီ၌ Securities Trading Account လာရောက်ဖွင့်လှစ်ထားသော FMI အစုရှယ်ယာဝင်များသာမက၊ စတော့ရှယ်ယာအရောင်းအဝယ်ကိုစိတ်ပါဝင်စားသူ မည်သူမဆို စတော့ရှယ်ယာရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော ရောင်းဝယ်မှုအဆင့်ဆင့်အပါအဝင် မိမိတို့သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း လာရောက်ဆွေးနွေးနိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ရက်စွဲ။ | ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်(တနင်္လာနေ့)၊<br>၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်(အင်္ဂါနေ့) |
| အချိန်။ | နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း။ |
| နေရာ။ | KBZSC ရုံးချုပ်၊ အခန်းအမှတ်(၁၀၅)၊ မြေညီထပ်၊ Strand Square (ယခင် နိုင်ငံတော်ခြောက်ထပ်ရုံး) အမှတ်(၅၃)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။ |

၃။ Securities Trading Account မရှိသေးသော စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံလိုသူများ အတွက်လည်း KBZSC သို့ လာရောက်စဉ် စာရင်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးထားမည်ဖြစ်သဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် ဘဏ်စာအုပ်မူရင်းများ ယူဆောင်လျက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

KBZ Stirling Coleman Securities Co.,Ltd.

**Topsyne®**
မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"
အသစ်ထပ်မံ ထုတ်လုပ်ထားသော "ခေတ်သစ်မိန်းမပျိုများရဲ့ ပန်ဆင်းရှင်အစစ်"


Herbal Cream (ငွေရောင်ဘူး)
Herbal Cream (ပန်းပွင့်ပုံဘူး)
(ကျား/မ မရွေးသုံးနိုင်သည်)
Apple Production Co.,Ltd.
အမှတ် (အေ – ၂၉) ၊ ဦးဝိစာရလမ်း ၊ ( ၃၄ ) တိုးချဲ့ရပ်ကွက် ၊ မြောက်ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း – ၀၉–၈၆၁၈၀၈၁ ၊ ၀၉–၄၉၉၃၁၆၄၈

**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျားသစ်လွင် သင်္ကြန်ခရီးစဉ်

| | | | |
|---|---|---|---|
| ☆ တောင်ကြီး ခရီးစဉ် | - April; 11,12,13,17 | ☆ ပုဂံ ခရီးစဉ် | - April; 11,12,17 |
| ☆ မန္တလေး ခရီးစဉ် | - April; 11,17 | ☆ ပုဂံ-ရွှေစက်တော် ခရီးစဉ် | - April; 11 |
| ☆ ကလော-လွိုင်ကော် ခရီးစဉ် | - April; 11 | ☆ အလောင်းတော်ကဿပ ခရီးစဉ် | - April; 13,17 |
| ☆ တောင်ကြီး-ပုဂံ ခရီးစဉ် | - April; 11,12 | ☆ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ် | - April; 12 |
| ☆ ငွေဆောင် ကမ်းခြေခရီးစဉ် | - April; 12 | ☆ မြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ် | - April; 11,12 |
| ☆ ငပလီ ကမ်းခြေခရီးစဉ် | - April; 12 | | |

မန္တလေးမှ ထွက်ခွာမည်
ငွေဆောင် ခရီးစဉ် April; 11
ငပလီ ခရီးစဉ် April; 12

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.
09 431 478 79, 09 259 033 443

**ရွှေနဂါး** ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/ဝရိတ်ခြင်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

**GOLDEN STAR** Travels & Tours

| | |
|---|---|
| ☆ ရွှေစက်တော်/ပုဂံ-ပုပ္ပါး-ပခုက္ကူ | Apr-10,11,12,17 |
| ☆ တောင်ကြီး-အင်းလေး-ပင်းတယ-တချို | Apr-9,11,12,17 |
| ☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ | Apr-11,12 |
| • တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် | Apr-12 |
| • မန္တလေး-မြင်ဦးလွင်/အလောင်းတော်ကဿပ | Apr-11,12,17 |

Ph: 703448, 09-5081580, 09-5036640, 09-5080860

**GOLDEN RICH TRAVELS**
ဖန်ကောက်(၂-ည)ပတ္တရား အယုဒ္ဓယမဲဆောက် ဥသိန်း, Apl 11
ချင်းမိုင်(၂-ည)မယ်ဆိုင်ရွှေတြိဂံမဲဆောက် ဥသိန်း, Apl 11
09-450 587933, 09-440062164,09-786674066

**ရွှေဥဒေါင်းမင်း** 09-421152677, 09-421122687
**မဟာသင်္ကြန်တောင်ကြီးအထူးခရီးစဉ်**
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ အောင်ပန်း **100000**
မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ (စား+တည်းခြင်း)..... **Apr 11** ထွက်မည်
လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**မျှော်ပို့သား** လိုဏ်ဂူ(၅)ဂူနှင့်ကျုံယော်ရေတံခွန်
ကျိုက်(၅)ကျိုက်-ဟော်လမြိုင်ဖက်ဖဝင်းစိန်တောရ မွှားလပ္ပိတောင်ဇင်းကျိုက်ရေတံခွန် လမ်းဘုရားဖူးတည်းခိုခန်း(၁)ညအိပ်ဆိုင်ထမင်း(၃)နပ်ကျွေး(စားတည်းခြင်း) 35000
မြတ်မော်တင်ဗွန်ဘုရားနှင့် ငွေသောင်ကမ်းခြေအပန်းဖြေ-ပုသိမ်ဘုရားဖူး ဆော်တင်မွှန်း(၁)ညအိပ် ဆိုင်ထမင်း(၃)နပ်ကျွေး ငွေသောင်ကမ်းခြေတည်းခိုခန်း(အားလုံးအပါ) 40000
ရွှေ(၅)ရွှေ-မကွေး(မြသလွန်)မင်းဘူးစကျိုန်းတုံ့နဂါးပွက်ကျောင်းတော်ရာဘုရားဖူးမန်းချောင်း(၁)ညအိပ်ဆိုင်ထမင်း(၃)နပ်ကျွေး(စားတည်းခြင်း) 45000
ပြည့်(၅)ပြည့်-ပုပ္ပါး ပုဂံညောင်ဦး(စွယ်တော်လေးဆူ)ပခုက္ကူ(သီဟိုဠ်ရှင်)ဘုရားဖူး ဟိုတယ်(၁)ညအိပ်ဆိုင်ထမင်း(၃)နပ်ကျွေး(စားတည်းခြင်း) 55000 ဆောကြာသပတေးနေ့
Ph:09425334456,0949323965,0949578205

**သုခလမ်းညွှန်** Travels & Tours
ခရီးစဉ်များအားလုံးအတွက် Scania Car တစ်မျိုးတည်းကိုသာ အသုံးပြုထားပါသည်။

| | | | |
|---|---|---|---|
| ■ မန္တလေး – မြင်ဦးလွင် – မုံရွာ(အလောင်းတော်ကဿပ) | April-11,17 | 195000 | (5N-6D) |
| ■ မင်းကွန်း – စစ်ကိုင်း – မန္တလေး – မြင်ဦးလွင် – ဂုတ်ထိပ်တံတား | April-11,17 | 185000 | (4N-5D) |
| ■ တောင်ကြီး – အင်းလေး – ပင်းတယ – လွိုင်ကော် – ဒီမောဆို | April-11,17 | 195000 | (5N-6D) |
| ■ တောင်ကြီး – အင်းလေး – ပင်းတယ – ကလော | April-11,17 | 175000 | (4N-5D) |
| ■ ပုဂံ – ညောင်ဦး – ပုပ္ပါး – ပခုက္ကူ – ရွှေစက်တော် | April-11 ,17 | 225000 | (5N-6D) |
| ■ ပုဂံ – ညောင်ဦး – ပုပ္ပါး – ပခုက္ကူ | April-11 ,17 | 185000 | (4N-5D) |
| ■ နတ်မတောင် – ကျားတိုက္ကာ – မင်းတပ် | April-11,17 | 289000 | (5N-6D) |
| ■ နတ်မတောင် – မင်းတပ် – ဘုံတလာရေတံခွန် | April-11 | 245000 | (5N-6D) |
| ■ တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် – ရွှေတြိဂံ – မယ်ဆိုင် – ချင်းမိုင် | April-11 | 465000 | (7N-8D) |
| ■ မိုင်းလား(ကာစီနိုမြို့တော်) – ကျိုင်းတုံခရီးစဉ် | April-14,15 | 450000 | (3N-4D) |
| ■ ထားဝယ် – ရှင်ကိုရှင် – ကန်ချုနာမှူရီ | April-17 | 345000 | (5N-6D) |
| ■ မြိတ် – ပိုင်ဆောက် – ဘာအဲ | April-11,17 | 175000 | (4N-5D) |
| ■ မြိတ် – ပိုင်ဆောက် | April-11,17 | 145000 | (3N-4D) |

၀၁-၅၇၉၄၅၉-၀၉၂၅၂၉၂၇၂၂-၇၇၇-၇၆၆-၇၅၅-၇၆၆

နိုင်ငံခြားခရီးစဉ် ပျော်ပျော်ပါးပါး ကိုးဓါနဲ့ GO ပြီ
● မန္တလေး – ဝန်ကောက် (6D/5N) April-13~18 USD-800
● စင်ကာပူ မလေးရှား (5D/4N) April-10~14 USD-890
● တရုတ် – မကာအို – ဟောင်ကောင် (8D/7N) April-12~19 USD-1600
● ဝန်ကောက် – ပတ္တရား (6D/5N) April-11~16 USD-650
● သီရိလင်္ကာ – ဝန်ကောက် (6D/5N) 22 April ~ 02 May USD-1650
အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
01-378 503, 378 127, 250 734, Viber - 09-779999146/47, 09-5150195

Since 1986 **KMD** Institute
NCC education ISO

# Congratulations World High Achievers 2015



**MYO MYO HTUN**

**First Prize of World & First Prize of Asia**



**THU TA NAING**

**Second Prize of World**

၂၀၁၅ တစ်နှစ်လုံးအတွက် NCC Education (UK) မှ ပေးအပ်ချီးမြှင့်သော
တစ်ကမ္ဘာလုံးအမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ သုံးဆုမှ ပထမဆု နှင့် ဒုတိယဆု
အပြင် အာရှဒေသတွင် အမှတ်အများဆုံးဆုကို ဆွတ်ခူးပေးနိုင်ခဲ့သော
မမျိုးမျိုးထွန်း နှင့် မောင်သုတနိုင်တို့အား KMD Institute မှ လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှ သင့်ရဲ့ ဘတ်ဂျက်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုအခက်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
ခေတ်မီတဲ့နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
lotayamm.com
MORE
လိုတရ
35 ရန်ကုန်
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
Back
Home
Bookmarks
Tabs
ဂိုးးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြီးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday




ဆွေသဟာ ရဲ့ ၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည်
မိနစ် ၆၀ ဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဖြစ်ပြီး အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

- ညနေ (၆) နာရီ နှင့် ည (၁၀) နာရီကြားမှလွဲ၍ ကြိုက်သည့် အချိန်တွင် ဤအစီအစဉ်အား အသုံးပြုနိုင်ပါသည်။
- ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်ထိ အခမဲ့ပြောဆိုနိုင်ပါသည်။
- မိနစ် ၆၀ ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ်ဖြစ်ပါသည်။
- ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
- ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။

ဤအစီအစဉ်မှာ ၂၀၁၆ ခုနှစ်
ဧပြီလ (၁၆) ရက်နေ့အထိ ဖြစ်ပါသည်။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

# ရွှေရတုမင်္ဂလာမွေးနေ့ရှင် ဒေါက်တာအောင်ကျော်ဝင်း၏ မွေးနေ့ဆုတောင်း

ဘဝတိုတို၊ အလှစျို့ဖို့၊ လိုသည့်နေရာ၊ လှူဒါန်းပါ
မပြည့်နေရာ ပြည့်ပေးပါ၊ မရှိတဲ့သူဝိုင်းကူပါ၊ အဲဒါ----မင်္ဂလာ

သမ္မာအာဇီဝ၊ မှုတာဖွေရှာ၊ လိုအပ်ရာသုံး၊
အပို့မဖြုန်းဘဲ၊ အားလုံးဝေမျှ၊ လှူဒါန်းပါ၊ ရကြပါစေ များသူငါ၊ အဲဒါ----မင်္ဂလာ

လှူဒါန်းဝေမျှ၊ ရသည့်ကုသိုလ်၊ အထိုက်ထိုက်သာ၊
သံသရာသို့ ပါသွားမှာ၊ မြင့်မိုရ်ထက်ကရတနာ၊ အမြင့်မြတ်ဆုံးသောမင်္ဂလာ

မွေးနေ့ချိန်စါ၊ မင်္ဂလာဦ၊ ပကာသန၊ ဘာမျှမစွက်၊
သက်သက်စေတနာ၊ ပေးဝေပါ၏၊ သာသနာနှင့်၊ လူမှုရေးရာ၊ အဖြာဖြာတို့
ရောင်ဝါထွန်းလက်၊ အလင်းဆက်၍၊ ဆက်လက်ဝေဖြာ၊ အစဉ်သာလန်း၊ 'မင်္ဂလာပန်း'တို့၊
ကမ္ဘာတစ်ဝန်းလုံးမွှေးစေကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးအေးစေကြောင်း၊
မွေးနေ့မင်္ဂလာ ကျွန်ုပ်ဆုတောင်း အားလုံးရကြပါစေကြောင်း။

ရတနာချစ်သူမိဘပြည်သူများ မကြာမီကျရောက်မည့် နှစ်သစ်မင်္ဂလာမှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး
လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာအောင်ကျော်ဝင်း+ ဒေါက်တာသက်သက်စိုင်**
**သမီး သက်ရတနာကျော်ဝင်း**

နိုင်ငံတကာအဆင့်မီရွှေနန်းတော် စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊
Jewel Collection Manufacturing Co.,Ltd. United GP Development Co.,Ltd @ 68 Residence




## အမြန်ငှားမည်

တောင်ဒဂုံမြို့နယ်၊ စက်မှုဇုန်(၁)၊ ယောက်ကော်လမ်းမပေါ်ရှိ ပေ(၆၀×၂၄၀) ဂိုဒေါင်၊ ရေ/မီးပါ မြေကွက်အား အမြန်ငှားမည်။
ဖုန်း-၀၉-၄၄၈၀၀၄၁၃၀၊ ၀၉-၅၀၅၆၆၂၂၊ ၀၉-၉၆၃၆၃၃၃၅၉

## ရောင်းရန်ရှိသည်

လှည်းကူးမြို့နယ်၊ သခွပ်ပင်ကျေးရွာအနီး၊ ဧက(၆၀၀)ကျော်၊ ပုံစံ(၇) ကျပြီး။ ဖုန်း-၀၉-၅၃၇၆၁၄၂
၀၉-၅၀၇၁၃၀၂

## တိုက်ခန်းရောင်းမည်

(၁၂နံပေ×၅၀ပေ×၉ပေ) မြေညီထပ် ပြင်ဆင်ပြီး။ အလင်းရောင်လမ်းမကြီး ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။
ဖုန်း-၀၉ ၄၂၅၀ ၂၃၂၈၁

## B.C.C ရရှိပြီး တိုက်ခန်းသစ်များ ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃) လမ်း၊ (၆)လမ်း၊ (၈)လမ်း၊ (၉) လမ်း ရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။
ဖုန်း - ၀၉ ၅၀၀၂၉၃၁၊ ၀၉ ၅၄၀၁၀၁၁၊ ၀၉ ၇၃၀၉၅၆၇၇



# ဒေါက်တာအောင်ကျော်ဝင်း သို့

## ရွှေရတုမွေးနေ့မင်္ဂလာ ဆုမွန်ခြွေ

ရွှေရတုအမှတ်တရ မွေးနေ့မှသည်
ဆန္ဒရည်ရာ မင်္ဂလာအပေါင်း ခညောင်းရရှိနိုင်ပါစေ။

အပ္ပကင်းကွာ ငြိမ်းချမ်းသာ၍
လိုရာရည်မှန်း မြတ်သောလမ်း လျှောက်လှမ်းကြည်နူးနိုင်ပါစေ။

ဝန်ထမ်းများအားလုံးအပေါ်၌ ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ်၊ မိသားစုရင်းချာသဖွယ် တစ်ပြေးညီ နွေးထွေးကြင်နာစွာဖြင့် ဆက်ဆံပေးမ ကူညီပေးလေ့ရှိသော၊ ဝန်ထမ်းများ၏ လူမှုဆက်ဆံရေး၊ လုပ်ငန်းခွင် တိုးတက်အောင်မြင်ရေး၊ အနာဂတ်ဘဝလမ်း ကြီးပွားတိုးတက်အောင်မြင်ရေးတို့အတွက် အစဉ်အမြဲ လမ်းကြောင်းညွှန်ပြ သင်ပြပေးလေ့ရှိသော၊ အထူးသဖြင့် အကြီးအကဲတို့၏ နာယကဂုဏ်နှင့်အညီ ဝန်ထမ်းများအားလုံးအပေါ် မိဘသဖွယ် သွန်သင်ဆုံးမ လမ်းမှန်ပြပေးလေ့ရှိသော ဒေါက်တာ အောင်ကျော်ဝင်း (CEO – ရွှေနန်းတော် စိန်ရွှေရတနာဆိုင်၊ Forever Gems By ရွှေနန်းတော်၊ Jewel Collection Manufacturing Co., Ltd ၊ 68 Residence by United GP Developement Co., Ltd) ၏ မတ်လ ၂၀ ရက်တွင် ကျရောက်သော ရွှေရတု ရက်မြတ်မင်္ဂလာ မွေးနေ့ချိန်ခါ သမယမှစ၍ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ရှိပါစေကြောင်း၊ ကြည်နူးချမ်းမြေ့ဖွယ် မိသားစုဘဝနှင့်အတူ သာသနာနှင့် လူမှုရေးရာအဖြာဖြာတို့၌ ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက် လှူဒါန်းနိုင်ပြီး ဆန္ဒရည်ရာ မင်္ဂလာမှန်သမျှ ပြည့်မြောက်အောင်မြင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ရွှေနန်းတော် စိန်ရွှေရတနာဆိုင် မှ မန်နေဂျာနှင့် ဝန်ထမ်းများ
Forever Gems By ရွှေနန်းတော်မှ မန်နေဂျာနှင့် ဝန်ထမ်းများ
Jewel Collection Manufacturing Co., Ltd မှ မန်နေဂျာနှင့် ဝန်ထမ်းများ
